www.burmeseclassic.com



BURMESE CLASSIC .com

ရဲစကိုင်း

# ပြုံးရုံပြုံးပါ

စိတ်ကူးချိုချို

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၇၃/၂၀၀၁ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၀၉၆/၂၀၀၁ (၁၂) |
| မျက်နှာဖုံးဒီဇိုင်း | ထက်မိုး။ ။ ဒ ၀ |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းလှိုင်<br>ချစ်စရာစာပေ<br>၇၅၊ ဝေပုလ ၂-လမ်း၊<br>မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်ကာလ | မတ်လ၊ ၂၀၀၂ |
| တန်ဖိုး | |


BURMESE CLASSIC .com

| ၁ |

## အချစ်အတွက်ဆိုရင်

"အချစ်နဲ့ပတ်သက်လာရင် ဘာပဲလုပ်ရ လုပ်ရ။ ဘာမဆိုရင်ဆိုင်ရဲတယ်။ အရာရာစွန့်လွှတ်ရဲတယ်။ ဘယ်အရာမှလာပြီး တားဆီးလို့မရဘူး"

"ကဲပါ . . ယုံပါပြီရှင်ရယ်။ ဒီညနေ ချိန်းထားတာ လာဖို့မမေ့နဲ့နော်"

"စိတ်ချ . . စိတ်ချ . . ဖဲဝိုင်းမလုပ်ဖြစ်ရင် လာခဲ့မယ်။ ဆက်ဆက်စောင့်နေ"

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

## အော်နေသူအတွက်

"မေမေ သမီးကို တစ်ဆယ်လောက်ပေးစမ်းပါ။ အိမ်ရှေ့မှာ အော်ဟစ်နေတဲ့သူကို ပေးလိုက်ချင်လို့"

"ဘယ်လိုအော်ဟစ်နေလို့လဲ သမီးရဲ့"

"ဟောဒီက သကြားပြောင်းဖူး၊ တစ်ဖူးတစ်ဆယ်တဲ့"

[ ၃ ]

## ပြေရှင်းခွင့်မပြု

"မနေ့က မင်းတို့လင်မယား ရန်ဖြစ်ကြတယ်ဆို"

"ဟုတ်တယ်ကွ။ ငါအိမ်ပြန်ရောက်တာနဲ့ သူ့မကျေနပ်ချက်တွေပြောပြီး ပေါက်ကွဲရာက စ,တာပဲ"

"မင်းက ဘယ်လိုပြန်ပြီးရှင်းပြသလဲ"

"ဘာတစ်ခွန်းမှ ပြန်ပြောခွင့်မရပါဘူးကွာ။ သူပြောလို့ အားရတာနဲ့ ပစ္စည်းတွေယူပြီး အိမ်ပေါ်က ဆင်းသွားတော့တာပဲ"



[ ၄ ]

## ရေတွက်ပုံမတူလို့

"စိတ်ဆိုးမယ်ကြံရင် တစ်ကနေ တစ်ဆယ်အထိ ရေပါလို့ သားကိုမှာထားသားနဲ့၊ အခုရန်ဖြစ်လာပြန်ပြီလား"

"အဲဒီလိုရေဖို့ အထိုးခံလိုက်ရတာပေါ့ မေမေရဲ့"

"ဘာဖြစ်လို့လဲကွ"

"ဟိုကောင့်အမေက သူ့သားကို ငါးအထိပဲ ရေခိုင်းထားတာလေ"

[ ၅ ]

## စေတနာ၏ဝေဒနာ

"ကျွန်မသားလေး ရေနစ်တုန်းက ဆင်းဆယ်ခဲ့တာ ရှင်မဟုတ်လား"

"ဟုတ်ပါတယ်။ ဒီလိုပေါ့ဗျာ။ ကြုံကြိုက်လို့ ကူညီတာပဲဟာ။ ကျေးဇူးတင်ဖို့ မလိုပါဘူး"

"ကျေးဇူးတင်မလို့ မဟုတ်ဘူးရှင့်။ သူ့လက်က ဟန်းချိန်းပါမလာလို့"

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

## သူ့လက်ရာ

"ဒီနေ့ချက်တဲ့ ကျွန်မလက်ရာဘယ်လိုနေလဲဟင်"

"ကောင်းတယ်ကွာ။ အီပြီးဆိမ့်နေတာပဲ"

"မဟုတ်သေးပါဘူးတော်။ ချက်နည်းပြုတ်နည်းစာအုပ်ထဲမှာ ချဉ်စပ်လို့ရေးထားတယ်"

[ ၅ ]

## အပြစ်ကတစ်ခုတည်းပါ

"မင်းဟာကားကို တစ်နာရီမိုင်တစ်ရာနှုန်းလောက်နဲ့မောင်းလာတယ်။ ပြီးတော့ညအမှောင်ထဲမှာ ကားရှေ့မီးကိုဖွင့်မမောင်းဘူး။ ယဉ်ကြောလည်းမှားလာတယ်။ ယဉ်မောင်း လိုင်စင်လည်းမပါဘူး။ မင်းအပြစ်တွေ ဒီလောက်များတာဘာပြောချင်သေးလဲ"

"ကျွန်တော်ပြောချင်တာက တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ဒီကားကိုခိုးလာတာပါ"

[ ၆ ]

## ထီးတစ်လက်၏ သံသရာ

"အခုလာရတဲ့ကိစ္စက လွန်ခဲ့တဲ့သုံးရက်လောက်တုန်းက ခင်ဗျားငှားဆောင်းသွားတဲ့ထီးကိုပြန်ယူချင်လို့ပါ"

"ဟောဗျာ။ သူငယ်ချင်းတစ်ယောက် မနေ့က အိမ်လည်လာရင်း ခဏငှားသွားလေရဲ့ဗျာ။ သူ့ဆီသွားတောင်းတော့ သူ့ယောက်ဖ ခဏဆောင်းသွားလို့ပါတဲ့။ အရေးကြီးလို့လား"

"ကြီးပါသော်ကောဗျာ။ ကျွန်တော်ကလည်း အဲဒီထီးကို မိတ်ဆွေတစ်ယောက်ဆီကငှားဆောင်းလာခဲ့တာ။ အခုလာတောင်းနေလို့။ သူကလည်း ဒီထီးဟာ သူ့ထီးမဟုတ်ဘူး။ သူများဆီက ခဏဆိုပြီး ငှားဆောင်းလာခဲ့တာတဲ့"

www.burmeseclassic.com



## [ ၉ ] စည်းကမ်းရှိသူများ

"လူတွေက စည်းကမ်းမရှိကြဘူးဗျာ။ ပစ္စည်းငှားပြီး ပြန်မပေးချင်ကြဘူး။ ခင်ဗျားတို့ ပတ်ဝန်းကျင်ကော ဘယ်လိုနေသလဲဗျ"

"ကျွန်တော့်အိမ်နီးနားချင်းတွေက စည်းကမ်းရှိရှိ ပြန်ပေးပါတယ်။ မိုးတွင်းတုန်းက ငှားသွားတဲ့ထီးကို ဆောင်းတွင်းရောက်တော့ လာပြန်ပေးပြီး စောင်ပြန်ငှား သွားကြတယ်ဗျ"



## [ ၁၀ ] သူသာအသိဆုံး

"ဒေါ်ဒေါ်ရယ် သမီးဖေဖေ ဒီညဆယ်နာရီကျော်ရင် ဆုံးတော့မယ်တဲ့ အဟင့် အဟင့်"

"တူမကြီးရယ် မဦးမချွတ် နိမိတ်မရှိတဲ့ စကားကို မပြောကောင်းဘူးကွဲ့။ အခုမှ နေ့ခင်း တစ်နာရီရှိသေးတာ။ ကုသိုလ်ကံဆိုတာ ဘယ်သူ ပြောနိုင်တာမှတ်လို့"

"သေချာပါတယ် ဒေါ်ဒေါ်ရယ်။ ဆရာဝန် ကိုယ်တိုင်ပြောသွားတာပဲဟာ။ သူက ကျိန်းသေ ပြောနိုင်မှာပေါ့"

## [ ၁၁ ] ရှက်လို့

"ဒီနေ့ အရှက်ပြိုင်ပွဲကျင်းပတာ သမီး ပထမရတယ်မေမေ"

"ဟုတ်လား။ ဘာပစ္စည်းတွေ ဆုချသလဲ သမီး"

"မသိဘူးမေမေ။ ရှက်တာနဲ့ ဆုတက်မယူခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

| ၁၂ |

## ဈေးဆစ်ပါရစေ

"စိတ်ဆိုးတိုင်း သေကွဲကွဲတာပဲကောင်းတယ်လို့ပြောရအောင် မင်းက ငါနဲ့သေကွဲ ကွဲချင်လို့လား"

"ကွဲချင်တယ်"

"ကိုင်း ဒါဖြင့် ဒီမှာဓားနဲ့ ငါ့ကိုထိုးသတ်လိုက်။ သတ်ခအဖြစ် မင်းကိုငွေတစ်သောင်းတောင်မှ ထပ်ပြီးပေးလိုက်ဦးမယ်"

"ဟွန့် ဒီလိုလုပ်မယ်လေ။ ရှင့်ကိုသေအောင်တော့ မသတ်ရဲဘူး။ ဒဏ်ရာလောက်ပဲရစေမယ်။ ကျွန်မကို ငါးထောင်လက်ငင်းပေးမလား"



| ၁၃ |

## ပိုကောင်းအောင်လို့

"မင်းက ဘာဖြစ်လို့ ငါမှာတဲ့အတိုင်း မပြောပဲ မင်း ပြောချင်သလို ပြောခဲ့ရတာလဲ"

"ပိုကောင်းမယ်ထင်လို့ပါဆရာ"

"ဒါဆိုငါက လက်ဆောင်အဖြစ် ခွေးတစ်ကောင် အပို့ခိုင်းလိုက်မယ်ဆိုရင် ပိုကောင်းအောင်လို့ မင်းကိုယ်တိုင်နေခဲ့မှာလားကွာ"

| ၁၄ |

## နုပျိုတယ်ဆိုတော့

"ဒီစပို့ရှပ်လေးဝတ်လိုက်ရင် ကျုပ်ကို ဆယ်နှစ်လောက် ငယ်သွားတယ်လို့ ပြောကြတယ်"

"အခု ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"လေးဆယ့်သုံးနှစ်"

"ဒါဆို ဒီစပို့ရှပ်ချွတ်လိုက်ရင် ခင်ဗျားအသက် ငါးဆယ့်သုံးနှစ်ရောက်ပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



[ ၁၅ ]

## မြေဝယ်မကျ

"မင်းနှယ်ကွာ။ ဘာဖြစ်လို့ ဒီလောက် သိက္ခာမဲ့တဲ့လုပ်ရပ်ကို ကျူးလွန်ရတာလဲ"

"ဆရာပဲပြောထားသားနဲ့။ ငါ့ခြေရာ အတိုင်း တစ်ထပ်တည်းကျအောင် လုပ်ရမယ် ဆို"

[ ၁၆ ]

## ကွဲပြားခြားနားမှု

"ကြောက်ရွံ့ခြင်းနဲ့ စိုးရိမ်ခြင်းဆိုတာ ဘယ်လိုကွာ ခြားသလဲဆရာ"

"ကိစ္စတစ်ရပ်ကို ဆောင်ရွက်တဲ့နေရာမှာ တခြားသူတွေအနေနဲ့ တွေဝေနေမယ်ဆိုရင် ကြောက်ရွံ့တယ်လို့ ခေါ်တယ်။ ငါ့အနေနဲ့ တွေဝေတာကိုတော့ စိုးရိမ်တာ"



[ ၁၇ ]

## နားလည်မှုလွဲချော်ခြင်း

"ဘယ့်နှယ်လဲ။ ဒီနေ့နေလို့ထိုင်လို့ကောင်း ရဲ့လားဗျာ"

"ကောင်းတယ်ဒေါက်တာ"

"ကျွန်တော်မှာတဲ့အတိုင်း အစာမစားမီ တစ်နာရီလောက်ကြိုတင်ပြီး ရေနွေးသောက်ရ မယ်ဆိုတာ သောက်ဖြစ်ရဲ့လား"

"သောက်ဖြစ်တယ်ဒေါက်တာ။ ဒါပေမယ့် တစ်နာရီ လုံးလုံးတော့ မသောက်ဖြစ်ဘူး။ ဆယ် မိနစ်သောက်ရင်ပဲ ဗိုက်ကားလာတာနဲ့ ရပ်ထား လိုက်ရတယ်"



www.burmeseclassic.com

[ ၁၈ ]

## ရောဂါဟောင်း

ဆေးကျောင်းဆင်းစ ဆရာဝန် တစ်ယောက်သည် သူ့ဆေးခန်းသို့ ပထမဆုံးရောက်လာသည့် လူနာကိုစမ်းသပ်ရင်း ရောဂါရှာမရသဖြင့် ချွေးပြန်လာသည်။ ထို့နောက် အကြံတစ်ခုရပြီး လူနာကိုမေးလိုက်သည်။

"ခင်ဗျားအရင်က ဒီရောဂါဖြစ်ဖူးလား"

"ဟုတ်ကဲ့ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဖြစ်ဖူးပါတယ်"

"ဟုတ်ပြီ ဒါဆိုရင် အဲဒီရောဂါပြန်ထတာပဲ"



[ ၁၉ ]

## သတင်းထောက်လက်သစ်

"မင်းကိုမနေ့က မင်းသမီးရဲ့မွေးနေ့ ဧည့်ခံပွဲအကြောင်းသတင်းယူခိုင်းလိုက်တာ တစ်နေ့ကုန်ပြန်ပေါ်မလာဘူး။ ဘာဖြစ်လို့လဲ"

"ဒီလိုပါ အယ်ဒီတာကြီးရယ်။ မွေးနေ့ဧည့်ခံပွဲကျင်းပမယ့် ဟိုတယ်ကိုအသွားမှာ ကားချင်းတိုက်မိပြီး မင်း သမီးဆေးရုံတင်လိုက်ရတယ်။ အဲဒါဧည့်ခံပွဲမကျင်းပဖြစ်တော့တဲ့အတွက် ဘာသတင်းမှ ယူစရာမရှိတော့လို့ တိုက်ကိုပြန်မလာတာပါ"

[ ၂၀ ]

## ကြွားစရာလဲမဟုတ်ပဲ

"ဟော့ကောင် မင်းသိရဲ့လား။ ငါ့အဖေက ဂျာနယ်ပိုင်ရှင်ကြီးကွ"

"ဂျာနယ်တစ်စောင်မှ အစိတ်သုံးဆယ်ရတာများ လာကြွားနေပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

| ၂၁ |

## ဘာမှမပြောချင်လို့ပါ

"မောင်မင်းအနေနဲ့ ဘာပြောချင်သေးလဲ"

"ကျွန်တော်မျိုးကြီး ဘာပြောရတော့မှာလဲ တရားသူကြီးမင်းခင်ဗျား။ သူ့အခန်းထဲ ဝင်ခိုး တုန်းက တရားလိုဟာ အိပ်ပျော်နေတာပါ။ အခု ကျတော့ သူ့အိမ်ထဲဝင်ခိုးတာ သေသေချာချာ မြင်ပါတယ်လို့ ထွက်ဆိုနေပါတယ်"

| ၂၂ |

## မှတ်ကရောကွာ

"ခုနက စတိတ်ရှိုးပေါ်မှာ အသံပြဲကြီးနဲ့ ကုန်းအော်ပြီး ဟဲပီးသီချင်းဆိုသွားတာ မောင်ရင်လေးလားကွဲ့"

"ဟုတ်ပါတယ်ဒေါ်ဒေါ်၊ ကျွန်တော်က တက်သစ်စ ဟဲပီးအဆိုတော်ပါ"

"ဒါဆိုတဆိတ်လောက် ကူညီပါကွယ်။ ပွဲခင်းထဲက ဒေါ်ဒေါ့်ယောကျ်ားနဲ့ လူချင်း ကွဲသွားလို့ ခပ်ကျယ်ကျယ် အော်ခေါ်ပေးစမ်း ပါ။ သူက နားလေးတယ်ကွဲ့"




| ၂၃ |

## ကြိုက်သလိုလုပ်နိုင်သူ

"သူက အယ်ဒီတာချုပ်ဆိုတော့ စာမျက်နှာ တွေ ကြိုက်သလိုသုံးနိုင်တာပေါ့။ အခုသတင်း ကဏ္ဍမှာ ရေးထားတာကိုပဲ ကြည့်လေကွာ"

"ဘာတွေရေးထားလို့လဲ"

"စာမျက်နှာနေရာ အခက်အခဲကြောင့် သတင်းအပြည့်အစုံ မဖော်ပြနိုင်သည့်အတွက် အယ်ဒီတာချုပ်၏ဇနီး မျက်နှာမြင်မည့်နေ့ရက် ကိုရွှေ့ပြောင်းလိုက်ကြောင်းတဲ့"

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

## အလှူစစ်ရှာဖမ်းမှုခြင်း

"ဒီကောင်ယူမယ့် အမျိုးသမီးကတော်တော် လှတယ်ကွ"

"ဟော့ကောင်ရယ်၊ လှတယ်ဆိုတာ အရေပြားတစ်ထောက်ပါကွာ"

"ဒါဆို မင်းတို့မိန်းမယူရင် အရေပြားခွာကြည့်ရမှာလား"

[ ၂၅ ]

## ငြင်းခုံမှု၏အခြစ်မြစ်

"မင်းတို့လင်မယား ဒီလောက်တောင် ရန်ဖြစ်ရအောင် လူကြီးတွေမရှိကြဘူးလား"

"ဟင့်အင်း မရှိပါဘူး"

"ဒါဖြင့် မင်းတို့နှစ်ယောက်မှာ ဘယ်သူကအကြီးလဲကွ"

"အဲဒါကို ငြင်းကြရင်း ရန်ဖြစ်ကြတာပါပဲခင်ဗျား"

[ ၂၆ ]

## တာကာယ့်ရှေ့နေ

"ခွေးတစ်ကောင်က ပစ္စည်းတစ်စုံတစ်ခုကို ပျက်စီးစေရင် ခွေးပိုင်ရှင်မှာ တာဝန်ရှိပါသလား ရှေ့နေကြီး"

"သိပ်ရှိတာပေါ့ဗျာ။ ခွေးလုပ်သမျှ ခွေးရှင်ရဲ့ တာဝန်ပဲပေါ့"

"ဒါဖြင့် ရှေ့နေကြီးရဲ့ခွေးက ကျွန်တော်ဝယ်လာတဲ့ ခေါက်ဆွဲကြော်ထုပ်ကို ကိုက်ချီပြီး ထွက်ပြေးသွားပါတယ်။ အဲဒါ ကျေးဇူးပြုပြီး ငွေနှစ်ရာ မ,စပါ"

"ရပါတယ်လေ။ အခုကိစ္စအတွက် တိုင်ပင်ဆွေးနွေးခ ငါးရာကျတာမို့ ခေါက်ဆွဲကျော်ဖိုး နှစ်ရာနုတ်ပြီး ကျုပ်ကိုငွေသုံးရာထပ်ပေး၊ ဒါဆိုရှင်းရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



[ ၂၇ ]

## အခုမှပဲသိတော့တယ်

“ကိုင်း အမှုကတော့ ကွင်းလုံးကျွတ်လွတ်လာပြီ ကျုပ်ကို အမှန်အတိုင်းပြောပြစမ်းပါ။ အများပိုင်ငွေတွေ အမှန်တကယ် အလွဲသုံးစားလုပ်ခဲ့မိသလားဆိုတာကို”

“ဟင်း. . . တရားခွင်မှာ ရှေ့နေကြီးရဲ့ လျှောက်လဲချက်တွေ ကြားမိတော့မှ ကျွန်တော်ကျူးလွန်ခဲ့မိတာ အလွဲသုံးစားမှု မဟုတ်မှန်းသိရတော့တယ်”

[ ၂၈ ]

## ဘာအတွက်ပါလိမ့်နော်

“ငါ့အစ်ကိုတော့ တော်တော်ကံကောင်းတယ်ကွာ။ မြို့ပေါ်က နာမည်အကြီးဆုံး ဆရာမနဲ့ ညားသွားပြီကွ”

“ဒါဆို ရောဂါဖြစ်ရင် ကုသဖို့အတွက် ဟန်ကျပြီပေါ့”

“ငါ့အစ်ကိုက ရောဂါကုချင်လို့ ဆရာဝန်မကိုယူတာမှမဟုတ်ပဲ”



[ ၂၉ ]

## သိနားလည်သူမို့

“မင်းတို့အုပ်စုထဲမှာ စန္ဒရားအကြောင်း သိနေတဲ့ သူပါသလားကွ”

“ဟုတ်ကဲ့။ ပါပါတယ်။ ကျွန်တော်စန္ဒရားတီးတတ်ပါတယ်။ စန္ဒရားအကြောင်းကောင်းကောင်း သိပါတယ်”

“ဒါဆို ဟောဒီစန္ဒရားကို ကားပေါ်တင်တဲ့အခါ မင်းကဦးဆောင်ပြီး ဂရုတစိုက်နဲ့ တင်ပေးစမ်းပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



| ၃၀ |

## အပူကိုယ်စားလှယ်

"အခုတလော ကျုပ်မှာပူပင်သောကတွေ များလွန်းလို့ ကျုပ်အစားပူပန်ပေးမယ့် သူရှိရင် ငွေတစ်သိန်းပေးလိုက်ချင်ရဲ့ဗျာ"

"ကိုင်း ဒါဆိုကျုပ်ပူပေးပါမယ့်။ ငွေတစ်သိန်းသာမစပါ"

"အဲဒါ ပထမဦးဆုံး ခင်ဗျားပူရမယ့် **အပူ**ပေါ့"

| ၃၁ |

## ဗုဒ္ဓေါ ကယ်တော်မူပါ

"ကျွန်မရဲ့ ဓာတ်မှန်ကိုကြည့်ပြီးတော့ ဘာတွေစဉ်းစားနေတာလဲ ဆရာဝန်ကြီးရဲ့"

"ခင်ဗျားကိုယ်ထဲမှာ ကျောက်ကပ်နှစ်ခုလုံး ရှိသေးတယ်ဆိုတော့ ခွဲစိတ်တုန်းက ထုတ်ယူခဲ့မိတာ ဘာများဖြစ်မလဲလို့ စဉ်းစားနေတာပါ"



| ၃၂ |

## အိုဘယ့်ခါဇရေးဆရာ

"စာအုပ်တောင်မထွက်သေးဘူး။ အရက်ဖြတ်နည်းစာမူအတွက် ငွေလာတောင်းတယ် ဆိုတော့ ဘာတွေများ အရေးတကြီးသုံးစရာ ရှိလို့လဲကွ"

"အရက်သောက်ဖို့ ဘိုင်ကျနေလို့ပါ"

| ၃၃ |

## သဘောပေါက်ပါတယ်နော်

"အမှုကိုရင်မဆိုင်ရသေးခင်မှာ ကျွန်တော့်ကိုတော့ အမှန်တိုင်းပြောထားမှ ဖြစ်လိမ့်မယ်။ ဒီအမှုကို ခင်ဗျားအမှန်တကယ် ကျူးလွန်ခဲ့မိသလားဗျ"

"ရော ခက်ပြီရှေ့နေကြီးရယ်။ အမှုအတွက် ကြေးကြီးကြီးပေးပြီး ရှေ့နေငှားကတည်းက သဘောပေါက်ဖို့ သင့်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com




| ၃၄ |

## ဗွာနေပြန်သွားပြီ

"ဟောဒီခွက်ထဲက ကျောက်ခဲလေးတွေ ဘယ်ရောက်ကုန်ပြီလဲ"

"ဩော် အဲဒါကျောက်ခဲလေးတွေလား။ ကျွန်တော်က သောက်ရမယ့်ဆေးတွေ မှတ်လို့ သောက်လိုက်မိပြီ ဆရာမ"

"ဟောတော်. . . ဒုက္ခပါပဲ။ အဲဒါ ရှင်သတိရလာရင်ပြဖို့ထားတာ ရှင့်ဆီးအိမ်ထဲက ခွဲထုတ်ထားတဲ့ဟာတွေရှင့်"

www.burmeseclassic.com

www.burmeseclassic.com



| ၃၅ |

## ကနည်းအသစ်

"ခုနတုန်းက စတိတ်ရှိုးကဏ္ဍမှာ မင်းက သွားတဲ့ ဟမ်းမားအကကို ပရိသတ်တော်တော် သဘောကျတယ်ကွ။ ဘယ်တုန်းက သင်လိုက်တာလဲ"

"အဲဒါ ဟမ်းမားဆွဲနေတာမဟုတ်ဘူး။ သီချင်းဆိုနေတုန်း အတွင်းခံဘောင်းဘီကြိုး ပြတ်သွားလို့ လက်နဲ့ဖိပြီးခုန်နေတာပါ"

| ၃၆ |

## ဘယ်သူပါလိမ့်

"ငါ့ရည်းစားဆီ ဒီညနေသွားတော့ သူ့အမေက ငါ့ကိုခေါ်ပြီး လက်ထပ်ဖို့ ဘယ်လိုစီစဉ်မလဲလို့ မေးလိုက်တယ်ကွ"

"ဟာ ဒါဆို အခြေအနေကောင်းတာပေါ့"

"ဒါပေမယ့် ငါ့ရည်းစားက အိမ်ပေါ်ထပ်က အပြေးဆင်းလာပြီးတော့ မေမေ သမီးပြောတာ ဒီလူမဟုတ်ဘူးတဲ့"



| ၃၇ |

## သူ့တိုက်ခန်းမဟုတ်လို့

"ကျွန်တော်တို့ သူငယ်ချင်းငါးယောက် ဒီနေ့လမ်းမှာတွေ့တဲ့ အဘွားအိုတစ်ယောက်ကို လေးထပ်တိုက် အပေါ်ဆုံးအခန်းရောက်အောင် ကူညီပြီးတွဲပို့ခဲ့ပါတယ်ဆရာ"

"သာဓုကွယ် သာဓု။ သက်ကြီးရွယ်အိုတွေကိုကူညီတာ ကုသိုလ်ရတယ်ကွဲ့။ ဒါထက် အဘွားအိုတစ်ယောက်ထဲကို မင်းတို့ငါးယောက်က တွဲပို့ရအောင်သူက လမ်းမလျှောက်နိုင်လို့လား"

"မဟုတ်ဘူးဆရာ။ သူကတိုက်ပေါ်မတက်ချင်ဘူးဆိုပြီး ရုန်းကန်နေလို့ပါ"

| ၃၈ |

## ရပ်မပေးနိုင်ပါ

"ဗျို့ ကားဆရာခဏရပ်ပါဦး။ နောက်က တွယ်စီးတဲ့ လူတစ်ယောက် ပြုတ်ကျကျန်ရစ်ခဲ့လို့"

"ကိစ္စမရှိဘူး သူ့ဆီက ကားခရပြီးဘူးပါ"

www.burmeseclassic.com

www.burmeseclassic.com



[ ၃၉ ]

## ရှိုး–ဟိုး–ဟိုး နေပြီ

"သားရယ် စကားပြောရင် ကျိန်ပြီးမပြော စမ်းပါနဲ့။ ဒီအကျင့်ကို မေမေမကြိုက်ဘူး"

"ဟင် သားသူငယ်ချင်းကပြောတော့ ကျိန်ပြောတယ်ဆိုတာအလကားပဲ။ ဘာမှမဖြစ်နိုင်ဘူးတဲ့။ သူ့အဖေဆိုရင်နေ့တိုင်း ကျိန်တာတွေကြားရလို့ ရိုးနေပြီတဲ့"

"သူ့အဖေက ဘာလုပ်လဲ"

"တရားသူကြီး"

[ ၄၀ ]

## အလုပ်ကဘယ်ဆီမှာနေ

"အန်ကယ်ရေ- ကျွန်တော့်ကို ငွေငါးရာလောက်ခဏချေးပါ။ လခထုတ်တော့ ပြန်ပေးပါ့မယ်"

"အေးကွာရပါတယ်။ ဒါထက်မင်းက အခုဘယ်မှာ အလုပ်လုပ်နေတာလဲကွ"

"ကျွန်တော်အလုပ်လျှောက်ထားတုန်းပါ အန်ကယ်"



[ ၄၁ ]

## ဒါပဲတတ်တယ်

"ခင်ဗျားတို့ဆပ်ကပ်အဖွဲ့ထဲမှာ ကျားနဲ့အသည်း တယားယားဖြစ်အောင်ကစားပြနိုင်တဲ့သူ ရှိသလားဗျ"

"ဟုတ်ကဲ့ ကျွန်တော့်ဆရာ ကစားပြနိုင်ပါတယ်။ ကျွန်တော်က ကျားကိုသွားတိုက်ပေးရတယ်။ ရေချိုးပေးရတယ်။ အစာခွံ့ရတယ်။ သူဒေါသဖြစ်ရင် ချော့သိပ်ရတယ်။ ဒါလောက်ပဲလုပ်တတ်ပါတယ်"



www.burmeseclassic.com



| ၄၂ |

## မောင့်အချစ်က ပိုပါတယ်

"ရှင်က ကျွန်မထက် အရက်ကို ပိုချစ်တယ် ပေါ့လေ။ ပြောစမ်း"

"မိန်းမရယ်။ မင်းကိုတစ်ရက်မှာ နှစ်ဆယ့်လေးနာရီလုံးလုံး ချစ်တာပါ။ အရက်ကိုတော့ တစ်နေ့မှ တစ်ပုလင်းတည်းချစ်တာ"

| ၄၃ |

## အားလုံးရှိတယ်

"မင်းတို့စာအုပ်ဆိုင်မှာ စာအုပ်တွေတော်တော်စုံပေမယ့် ငါလိုချင်တဲ့စာအုပ်တော့ မတွေ့မိပါလား"

"ရှိပါတယ်ဆရာ ကျွန်တော်တို့က, အပြောစာအုပ်ဆိုရင် ဝှက်ထားလို့ပါ"






| ၄၄ |

## မှားပါတယ်

"မွေးနေ့လက်ဆောင်အဖြစ် ကိုကိုဝယ်ပေးတဲ့ သာလိကာလေးဘယ်လိုလဲဟင်"

"ကောင်းတယ်ကိုကို ကြော်စားလိုက်တာ ချိုပြီးမွှေးနေတာပဲ"

"ဟာကွာ သူက ဘာသာစကားခြောက်မျိုးတောင် ပြောတတ်တာကွ"

www.burmeseclassic.com

www.burmeseclassic.com



[ ၄၅ ]

## ဘယ်သူ့လက်ချက်လဲ

"ဟိုတစ်နေ့က သင်္ဘောပေါ်ကနေ ရေထဲကို ဒိုင်ဗင်ထိုးချတာ အံ့သြစရာတော်တော်ကောင်းတယ်။ ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်နေတာလား"

"ဟင့်အင်း။ ငါလည်း အံ့သြနေတာပဲ။ ဘယ်သူများ ငါ့ကို တွန်းချလိုက်သလဲလို့"

[ ၄၆ ]

## ကူညီစေချင်တာက

"ဟဲလို ဟဲလို ကျွန်မကိုကူညီပါရှင်"

"ဟုတ်ကဲ့။ ဘယ်လိုကူညီပေးရမလဲ ခင်ဗျာ"

"ဒီလိုပါရှင် ကျွန်မခြံဝင်းထဲကို လူနှစ်ယောက်ဝင်လာနေပါတယ်။ အဲဒါတစ်ယောက်ကို ထွက်သွားအောင် လုပ်ပေးစမ်းပါ"



[ ၄၇ ]

## အံဝင်ခွင်ကျအလုပ်

"ငါတို့ကုမ္ပဏီမှာ အလုပ်လာလျှောက်တယ်ဆိုတော့ မင်းရဲ့ပညာအရည်အချင်းတွေ ပြောစမ်းပါဦး"

"ကျွန်တော်ကွန်ပျူတာလည်း ကျွမ်းကျင်ပါတယ်။ စာရင်းကိုင် ဒီပလိုမာလည်း ရပြီးပါပြီ။ ဘာသာစကားလေးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်ပါတယ်"

"ကောင်းပြီ မင်းကိုအလုပ်ခန့်လိုက်ပြီ။ ဟောဟို ကြက်တူရွေးကိုစကားပြောသင်ပေးပါ"

[ ၄၈ ]

## ဖေဖေ့သြဝါဒ

"လက်ရေးညံ့လိုက်တာကွာ။ မင်းအိမ်က ဝိုင်းဝန်းပြီး သင်ပြပေးမယ့်သူ မရှိဘူးလား"

"ရှိပါတယ်ဆရာ။ ဖေဖေကပြောတယ်။ လက်ရေးညံ့လို့ဘယ်သူမှ မဖတ်တတ်လဲ နေပလေ့စေတဲ့။ မင်းကို ဆရာဝန်အလုပ်ခိုင်းမှာ တဲ့"

www.burmeseclassic.com



[ ၄၉ ]

## ဖြော် ဒါကြောင့်ကိုး

"ကျွန်တော်ဒီမှာ အလုပ်လုပ်လာတာ ဆယ်နှစ်ကျော်လာပါပြီ။ တစ်ခါမှ လစာတိုးပေးဖို့ မပြောခဲ့ပါဘူး သူဌေးမင်းရယ်"

"အဲဒါကြောင့် မင်းငါ့ဆီမှာ ဆယ်နှစ်ကျော် နေနိုင်တာပေါ့"





[ ၅၀ ]

## ဒီလောက်ပဲ တတ်ဖို့လိုတယ်

"ငါ့သား မင်းကျောင်းနေတာကြာလှပြီ။ တစ်နှစ်သုံးလေးတစ်ဆယ်ထက်ပိုပြီး မရေတွက်သေးဘူး။ ကြီးရင် ဘာလုပ်စားမလဲ"

"လက်ဝှေ့ပွဲမှာ ဒိုင်လူကြီးလုပ်စားမယ်"

[ ၅၁ ]

## မိုရအောင်လို့

"သမီးရေ မောင်လေးကို ရောင်းမလား။ ပိုက်ဆံအများကြီးပေးမယ်လို့ ဟောဟိုက အဒေါ်ကြီးက ပြောနေတယ်"

"ဟင့်အင်း မရောင်းဘူးမေမေ"

"သမီးက မောင်လေးကို သိပ်ချစ်တာပဲလား။ ပိုက်ဆံတွေအများကြီးဆိုတော့ သမီးဝယ်ချင်တာဝယ်လို့ရတာပေါ့"

"ဟင့်အင်း ဒါထက်ပိုရအောင် မောင်လေးကြီးလာမှ ရောင်းတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



[ ၅၂ ]

## ငရဲကိုသွားမယ်

"ကိုယ့်ယောကျ်ားနဲ့ ရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာတာကွ။ သူက ကိုယ့်ကို ငရဲပြည်သွား နေလို့ နှင်ချတယ်ဟေ့"

"ဒါဖြင့် ညည်းအခု ဘယ်ကိုသွားမလဲ"

"မေမေ့အိမ်ကို"



[ ၅၃ ]

## အသင့်တော့အိမ်သူဖြစ်

"ဒီနေ့တော့ သမီးကို ဖွင့်ပြောရတော့မှာပဲ။ သမီးကို အုပ်ထိန်းဖို့ငှားထားတဲ့ အန်တီဟာ အိမ်ထောင်ပြုတော့မယ်တဲ့သမီးရယ်"

"ဟင် ဖေဖေကလဲ။ ဒီလိုမိန်းမမျိုးကို ယူမယ့် လူပေါကြီးတွေရှိသေးလို့လား။ ဘယ်သူနဲ့ ယူမှာလဲ"

"ဖေဖေနဲ့ယူမှာ"

[ ၅၄ ]

## ဆုရဖူးတယ်ဆိုလို့

"မောင်ဟာကျောင်းသားအားကစားပြိုင်ပွဲမှာ ဆုတွေရဖူးတယ်ဆို"

"ဟုတ်တယ်ကွ။ အလေးမရယ်။ လမ်းလျှောက်ပြိုင်ပွဲရယ်။ အပြေးပြိုင်ပွဲတွေမှာ ဆုတွေရခဲ့တာ"

"ဒီလိုဆိုမောင်ရယ် လမ်းလျှောက်ရင်း ကလေးချီခဲ့စမ်းပါ။ အိမ်ပြန်ရောက်မှ ချွန်မကိုပြန်ပေးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



[ ၁၁ ]

## ကြားစေချင်ကာမှ

"ရှင့်နှယ်တော်။ ညက အော်ကြီးဟစ်ကျယ်နဲ့ထပြီး ယောင်နေလိုက်တာ။ စီးပွားရေးကမကောင်း၊ လူပိုတွေ မကျွေးနိုင်ဘူးနဲ့။ ကျွန်မအမေသာ ကြားသွားရင် ဒုက္ခပါပဲဆိုပြီး စိုးရိမ်လိုက်ရတာ"

"ဒီလောက်အော်တာတောင် သူကမကြားဘူးလား"






[ ၁၆ ]

## မှားတတ်ပလေ

"ဝတ်ချင်သလိုဝတ်နေကြတဲ့ခေတ်ပဲ။ ဟိုကလာနေတာ အင်္ကျီအကျား၊ ဆံပင်ဖားလျား၊ ဘောင်းဘီတိုနွံ့နွံ့နဲ့ အထီးလား၊ အမလားတောင် ခွဲလို့မရဘူး"

"အဲဒါ ငါ့သမီးပါ"

"အော်-ခွင့်လွှတ်နော်။ ဦးလေးသမီးမှန်း မသိလို့ ပြောမိတာပါ"

"ဟကောင်ရ-ငါကသူ့အမေကွဲ့"

[ ၁၇ ]

## ဟိုဘက်တော့မသိဘူး

သူငယ်တန်းကျောင်းသားတစ်ယောက်သည် မိခင်ဖြစ်သူကို စပ်စုမေးမြန်းလိုက်သည်။

"မေမေ-လူဟာမျောက်က ဆင်းသက်လာတာ မဟုတ်လားဟင်"

"မေမေမသိဘူးသားရဲ့။ သားအဖေဘက်က ဘိုးဘွားတွေကိုမေးကြည့်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



| ၅၈ |

## အမြန်ဆုံးလူသား

"ငါ့အဖေက တော်တော်အပြေးသန်တယ်ကွ။ လိုင်းကားပေါ်က ပြုတ်ကျကျန်ခဲ့လို့ အမီပြေးလိုက်တာ ဂိတ်ကိုသူက အရင်ရောက်နှင့်နေတယ်ကွ"

"ဒါလေးများ ပျင်းတောင်ပျင်းသေးတယ်။ ငါ့အဖေကမှ အမြန်ဆုံးစူပါကွ။ ဘယ်လောက်မြန်သလဲဆိုရင် သူ့ရုံးဆင်းချိန်က ၄ နာရီခွဲ။ အိမ်ကိုပြန်ရောက်တာက ၃ နာရီခွဲ"

| ၅၉ |

## အပြစ်ကိုယ်စီ

"ရှင့်ယောယျားက ဘာဖြစ်လို့ ပစ်သွားရတာလဲ"

"အိမ်မကပ်ဘဲ လည်လွန်းလို့တဲ့။ ရှင်ကျတော့ အိမ်ထဲက အိမ်ပြင်ထွက်တာတောင်မတွေ့ရဘဲ ဘာဖြစ်လို့ ယောကျ်ားပစ်သွားရတာလဲ။"

"အိမ်ထဲမှာ တစ်ချိန်လုံး ဖဲရိုက်နေလို့"



| ၆၀ |

## ဘာ့ကြောင့်များဒုက္ခခံတာလဲ

"ဟူး. . . အခုလို တောင်အောက်က ရှုခင်းတွေရဲ့ အလှအပကို မြင်လိုက်ရတော့လည်း တောင်ပေါ်တက်လို့ မောခဲ့ရတာတွေ ပြေပျောက်သွားတာပဲ"

"တောင်အောက်က ရှုခင်းတွေ သာယာမှန်းသိရင် ဘာလို့အပင်ပန်းခံပြီး တောင်ပေါ်တက်ရတာလဲ သူငယ်ချင်းရာ"

| ၆၁ |

## ဆိုလိုတာက ဒီလို-ဒီလို

ဈေးဝယ်သူ - "ဗျို့ဆရာကြီး၊ တရုတ်စုတ်ရှိသလား"

ဆိုင်ရှင် - "ဒီဗျား ဒီလိုစော်ကားတာတော့ မကောင်းဘူးထင်တယ်"

ဈေးဝယ်သူ - "ဟာဗျာ။ ပေါက်ဖော်ကလည်း ကျွန်တော်ပြောတာက တရုတ်ပြည်ဖြစ် စုတ်တံရှိသလားလို့မေးတာပါ။ ကျွန်တော်က ပန်းချီဆရာလေ"

www.burmeseclassic.com

www.burmeseclassic.com

| ၆၂ |

## ဦးကပ်စေး

"အခုလို ကျွန်တော်နဲ့တိုင်ပင်ညှိနှိုင်းတဲ့အတွက် အကြံပေးခအဖြစ် ငါးရာကျသင့်ပါတယ်မိတ်ဆွေ"

"နေပါစေရှေ့နေကြီးရယ်။ ကျွန်တော်အဲဒါတွေ ယူမသွားပါဘူး။ ဒီမှာပဲထားခဲ့ပါရစေ။ တစ်ပြားမှ မပေးပါရစေနဲ့"

| ၆၃ |

## ကယ်တော်မူပါ(၁)

"သူငယ်ချင်း၊ ဘာတွေအလိုမကျဖြစ်ပြီး မျက်နှာရှုံ့ မဲ့နေရတာလဲ"

"ငါ့ညီလေကွာ၊ ဆိပ်ကမ်းမှာ အလုပ်သမားဝင်လုပ်နေတယ်လို့ သတင်းကြားလို့"

"ဒါများဗျာ၊ အလုပ်လုပ်တာပဲဟာကို။ ဝမ်းသာရမှာပေါ့"

"ဘယ်ဟုတ်မလဲဗျ။ ဒီကောင်ကြောင့် ကျုပ်တို့တစ်မျိုးလုံး သိက္ခာကျရလို့ဗျ။ ကျုပ်တို့အမျိုးထဲမှာ ဘယ်သူမှ အလုပ်လုပ်စားတာမရှိဘူး"



| ၆၄ |

## ဘာကြောက်စရာလဲ

"မောင်ရယ် ဒေါက်တာက ပြောသွားတယ်။ မေမေ့ရဲ့ နှလုံးရောဂါအခြေအနေက စိုးရိမ်ရတယ်တဲ့"

"သိပ်လဲကြောက်လန့်ပြီး ပူပင်မနေစမ်းပါနဲ့ မိန်းမရာ။ ဆရာဝန်နဲ့ ပေဒင်ဆရာဟာ အတူတူပဲကွ။ ဘာမှမမြင်ရတဲ့ဟာကို တစ်ဖက်သားကြောက်အောင် ပုံကြီးချဲ့တတ်ကြတယ်။ ဒါမှ သူတို့ကို အထင်ကြီးမှာလေ"

| ၆၅ |

## ဒါလည်းဟုတ်သားပဲ

"ကျွန်တော်ခရီးပန်းလာလို့ ဒီမှာတစ်ညလောက်တည်းခွင့်ပြုပါဗျာ"

"ဟင့်အင်း . . . အိမ်မှာ လူမရှိဘူးရှင့်"

"ခင်ဗျားက လူမဟုတ်လူလား"

"ကျွန်မဆိုလိုတာက ယောကျ်ားသားမရှိတာကို ပြောတာပါ"

"ကျွန်တော်က ယောကျ်ားမဟုတ်လို့လားဗျ"

www.burmeseclassic.com

www.burmeseclassic.com



[ ၆၆ ]

## ကယ်တော်မူပါ(၂)

"ဘတ်စ်ကားကို တစ်နာရီမိုင်တစ်ရာနီးပါး မောင်းရင်းနဲ့ ဘာတွေသဘောကျပြီး အော်ကြီးဟစ်ကျယ်ရယ်နေတာလဲဗျ"

"အော် . . . အခုလောက်ဆိုရင် စိတ်ရောဂါကုဆေးရုံက ဝန်ထမ်းတွေ ကျုပ်လွတ်သွားမှန်းသိပြီး ဘယ်လောက်တောင် ပျာယာခပ်နေကြမယ်ဆိုတာ တွေးမိလို့ပါဗျာ"





[ ၆၇ ]

## မင်းက တော်သေးတယ်

"ငါ့မိန်းမအကြောင်းတော့ မပြောချင်ပါဘူးကွာ။ ငါအပြစ်တစ်ခုလုပ်မိတိုင်း သူ့ရဲ့ ပထမလင်ကောင်း တာတွေနဲ့ ယှဉ်ပြီးပြောလို့ကို မပြီးတော့ဘူး"

"မင်းကတော်သေးတာပေါ့။ ငါ့မိန်းမကျတော့ သူနောက်ယူမယ့်လင် ကောင်းကြောင်းတွေနဲ့ ယှဉ်ပြောပြီး ငါ့ကိုခြိမ်းခြောက်တော့တာပဲဟေ့"

[ ၆၈ ]

## ကလေးအဖေတွေ

"အခုဆိုရင် မင်းအဖေရဲ့ အသက်ဘယ်လောက် ရှိပြီလဲ မောင်မောင်"

"ဆယ်နှစ်ရှိပါပြီဆရာ"

"ပြန်စဉ်းစားပါဦးလေ။ မင်းတောင်မှ အသက်ဆယ်နှစ်ရှိနေပြီပဲဟာ"

"ဟုတ်ပါတယ်ဆရာ။ သူက ကျွန်တော့်ကို မွေးပြီးမှ အဖေဖြစ်လာတာပါ။ အရင်တုန်းက အဖေမှ မဖြစ်သေးတာ"

www.burmeseclassic.com

www.burmeseclassic.com



| ၆၉ |

## အခကြောင်းသိမို့

"ခင်ဗျားနဲ့ ကျွန်တော်နဲ့ သိကျွမ်းခင်မင်လာကြတာ ငါးနှစ်တောင်ကျော်လာပြီနော်။ ကျွန်တော့်ကို ငွေတစ်ရာလောက် ခဏချေးပါလား"

"ဝမ်းနည်းပါတယ်ဗျာ။ မချေးပါရစေနဲ့"

"ဘာဖြစ်လို့လဲဗျ။ ငွေတစ်ရာလောက်တောင် မယုံကြည်ဘူးလား"

"ခင်ဗျားနဲ့ ကျွန်တော်နဲ့သိတာ ငါးနှစ်ကျော်လာ ကြပြီပဲ"

| ၇၀ |

## ပိုက်ဆံချူနည်း

"ညည်းယောကျ်ားဆီက ပိုက်ဆံတွေအများကြီးရအောင် ဘယ်လိုလုပ်ယူတာလဲအေ့"

"အမေ့အိမ်ပြန်မယ်လို့ပြောရင် သူက လွယ်လွယ်ကူကူ ပိုက်ဆံထုတ်ပေးတတ်တယ်လေ။ ပြီးတော့မှ မပြန်ဘဲနေလိုက်တာပေါ့"



| ၇၁ |

## ကြီးပွားချမ်းသာနည်း

"ခင်ဗျားအခုလို ကြီးပွားချမ်းသာလာအောင် ဘယ် လိုလုပ်ခဲ့ရသလဲဗျ"

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် ,ကြွေးဟောင်းတွေမှန်သမျှ မဆပ်ခဲ့လို့ပါပဲ"

"ဒီလိုဆို နောက်ထပ်ယူတဲ့ ကြွေးသစ်တွေတော့ ပြန်ဆပ်တယ်ပေါ့လေ"

"ဟင့်အင်း . . . ကြွေးသစ်တွေကျတော့ ဟောင်းသွားအောင် စောင့်ရတာပေါ့"

| ၇၂ |

## တိုးတိုးပြောပါ

"ဟော့စားပွဲထိုး၊ မင်းလာချပေးတဲ့ ကော်ဖီခွက်ထဲမှာ စီးကရက် ဖင်စီခံတစ်ခုပါလာတယ်ကွ"

"ရှူး . . . တိုးတိုးဆရာ။ ဘေးလူတွေကြားသွားလို့ သူတို့ခွက်တွေထဲ ဖင်စီခံတစ်ခုစီထည့်ပေးခိုင်းနေရင် အခက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



| ၂၃ |

## သူဝါသနာ

"အံမယ် . . ခင်ဗျားမှာ စာအုပ်ကောင်း တွေ တစ်ပုံကြီးပါလား။ စာကြည့်တိုက်ထက် တောင် စုံသေးတယ်။ ဘာဖြစ်လို့ စာအုပ်စင်နဲ့ စီပြီးမထားတာလဲ"

"စာအုပ်စင်ကိုတော့ ဘယ်နေရာကမှ အလစ်သုတ် လို့မရဘူးဗျ"

| ၂၄ |

## နိုင်ငံခြားပြန်

"ဟေ့ကောင်ကြီး၊ အမေရိကားကို အလည် သွားတာ ဘယ်တုန်းကပြန်ရောက်လဲကွ"

"တစ်နေ့ကပဲ သူငယ်ချင်း"

"အင်္ဂလိပ်စကားမပြောတတ်ဘဲ သွားတော့ ဟိုမှာ ဒုက္ခမရောက်ဘူးလား"

"ဟေ့အေး။ ငါဒုက္ခမရောက်ဘူးကွ။ ငါနဲ့ တွေ့တဲ့ သူတွေပဲ ငါ့စကားနားမလည်လို့ ဒုက္ခ ရောက်ကုန်ကြတာ"



| ၂၅ |

## ခြော် ... ဒါကြောင့်ကိုး

"ဟေ့ကောင် . . မင်းဆရာဝန်လုပ်တာ အနာ တစ်မျိုးပဲ ကုတယ်ဆို"

"ဟုတ်တယ်ကွ . . အချက်သုံးချက်ကြောင့် ပေါ့ကွာ။ တစ်အချက် -အနာရှိတဲ့ရောဂါရှင်ကို ဘယ်တော့မှ ညဘက်သွားမကုရလို့ အိပ်ရေး မပျက်ဘူး။ နှစ်အချက်- အနာပေါက်တဲ့သူဟာ သေလမ်းနဲ့ဝေးတယ်။ အချက်သုံး-အနာ ပေါက်ရင် တော်တော်နဲ့ မပျောက်တာကြောင့် အချိန်ဆွဲကုရလို့ငါ့အတွက် ပိုက်ဆံပိုရတယ်ကွ"

| ၂၆ |

## အသံဝင်ပျောက်ဆေး

လူတစ်ယောက်သည် ဆေးခန်းတစ်ခုသို့ ဝင်၍ မေးမြန်းလိုက်သည်။

"ကျွန်တော့်မိန်းမ အသံဝင်နေတာ ၃ ရက် ရှိသွားပြီ။ ဘာဆေးတိုက်ရမလဲဆရာ"

"ဒါလေးများ . . ခင်ဗျားအိမ်ကို ပုံမှန် ထက် နောက်ကျပြီးပြန်ကြည့်လိုက် ချက်ချင်း အသံပြန်ထွက်လာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

| ၇၇ |

## သူ့ကြောင့်မို့ပါ

"မင်းတို့ဆိုင်က ကြက်ဥတွေသေးလှချည်လား။ ခပ်ကြီးကြီးလေး လုပ်စမ်းပါ"

"ဒါကတော့ ကျွန်တော်တို့ ဥတာမဟုတ်လို့ ကြက်မကိုသွားပြောပါခင်ဗျာ"

| ၇၈ |

## မသိတာပဲကောင်းပါတယ်

"ကျွန်မယောကျ်ား အိမ်ပြန်နောက်ကျတဲ့ရက်ဆိုရင် သူဘယ်ဆီရောက်နေပါလိမ့်လို့ စိတ်ပူလိုက်ရတာရှင်။ ဘယ်လိုနည်းနဲ့ သိအောင်လုပ်ရမယ်ဆိုတာ ပြောပြစမ်းပါမမရယ်"

"အေရယ် . . . သိလည်းမသိချင်နဲ့။ သိအောင်လည်း မကြိုးစားပါနဲ့ကွယ်။ ညည်းယောကျ်ား ဘယ်မှာရှိတယ်ဆိုတာသိရင် အခုထက်နှစ်ဆပိုပြီး စိတ်ညစ်နေရမယ်ကွယ်"



| ၇၉ |

## အမူးပြေဆေး

"ဟောဒီဆိုင်မှာ တစ်ညနေလုံး အရက်သောက်တာ တော်တော်မူးနေပြီကွာ။ အိမ်ကိုပြန်နိုင်အောင်လို့ အမူးပြေသောက်စရာ ဘာရှိလဲဟေ့"

"ကိစ္စမရှိပါဘူး။ တော်တော်ကြာ ဘောက်ချာစာရင်းစာရွက်ရောက်လာရင် ဆရာကြီးအမူးပြေသွား ပါလိမ့်မယ်"

| ၈၀ |

## သူ့အကြံ

"ကျွန်တော့်ဒူးခေါင်းအဆစ်ထဲက ကိုက်နေတာ တစ်လလောက်ရှိပြီ။ ဆရာတွေလည်းစုံနေပြီ။ မပျောက်ဘူးဗျာ။ ဘာလုပ်ရမှန်းမသိတော့ဘူး"

"ဒါဆိုရင် အကြံတစ်ခုပေးကြည့်မယ်ဗျာ။ ကျွန်တော်သွားကိုက်တုန်းက ဆေးခန်းသွားပြပြီး ပလာယာနဲ့ ဆွဲနှုတ်တာ ကောင်းသွားတယ်ဗျ။ အဲလိုလုပ်ကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



| ၈၁ |

## ဓာတ်မြစ်

အိမ်သာသုံးစက္ကူများ ပြတ်လတ်နေ၍ လူအများ ဒုက္ခရောက်နေစဉ် အချိန်ကာလ၏ တစ်ခုသောနေ့ရက် တွင် လူတစ်ယောက်သည် အိမ်သာသုံးစက္ကူတို့ကို စလွယ်သိုင်းရင်း မြို့ထဲလမ်းလျှောက်လာလေ၏။ တွေ့မြင်သူ အပေါင်းမှ စိတ်ဝင်တစား စူးစမ်းမေးမြန်းကြသောကြောင့် ထိုသူမှ စိတ်တိုစွာပြန်ဖြေကြားလိုက်သည်။

"ဘယ်ကမှဝယ်လာတာမဟုတ်ဘူး၊ ပင်မင်းဆိုင်က သွားရွေးလာတာဟ"

[ ၈၂ ]

## ဆရာဝန်ညွှန်ကြားချက်

"ဟဲ့သမီးရေ . . မြေးမလေးက ငိုလှချည်လား ဘာဖြစ်လို့လဲကွယ့်"

"ဒေါက်တာက ဆေးမတိုက်ခင် လှုပ်ပေးရမယ်ဆိုလို့ပါ မေမေ"



[ ၈၃ ]

## အရက်ကြောင့်

ဆရာဝန် - "အရက်သာမသောက်ရင် ဒီထက် ခင်ဗျား အသက်ရှည်မှာဗျ"

အရက်သမား - "မဟုတ်တာဗျာ။ ကျွန်တော် နေ့တိုင်းသောက်လာတာ အခုဆို အသက်ငါးဆယ်ပြည့်ပြီ"

ဆရာဝန် - "အဲဒါပြောတာပေါ့။ တကယ်လို့ အရက်သာ မသောက်ခဲ့ရင် အခုဆိုခင်ဗျား အသက်ခြောက်ဆယ်လောက်ရောက်နေပြီ"

[ ၈၄ ]

## တကယ်လားဟင်

"ခင်ရယ်။ ခင်ကသာ မချစ်တော့ဘူးဆိုရင် မောင်လေ သတ်သေပစ်လိုက်တော့မယ်"

"တကယ်ပြောတာလားမောင်။ အဲဒါဆို ခဏနေဦး။ မေမေ့ကိုခေါ်ပြောလိုက်ဦးမယ်"

"ခင့် မေမေကပြောတယ်။ မောင်ဟာ ခင့်အတွက်ဆို ဘာဆိုဘာမှ လုပ်ပြမယ့်ကောင် မဟုတ်ဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



| ၈၅ |

## ညောင်းမယ်ထင်ပေါင်

"သားသားက ဖေဖေ့ပေါင်ပေါ် အကြာကြီး ထိုင်နေတော့ ဖေဖေညောင်းမှာပေါ့"

"ညောင်းမယ်မထင်ပါဘူး။ မေမေတော ပြန်သွားတုန်းက တစ်နေကုန်ထိုင်တဲ့သူ ရှိတာ တောင် ဖေဖေမညောင်းဘူး"

"ဘယ်သူတစ်နေကုန် ထိုင်တာလဲ သား သား"

"ဟိုဘက်အိမ်က အန်တီလေးထိုင်တာ မေမေ"

| ၈၆ |

## အခက်အခဲ

"ဘယ့်နှယ်လဲဟေ့ .. ငါ့တပည့်တွေ စာမေးပွဲဖြေနိုင်ကြတယ်မဟုတ်လား။ မေးခွန်း တွေဖတ်ကြည့်ရတဲ့အတိုင်းဆိုရင် သိပ်မခက် ပါဘူးလေ"

"ဟုတ်တယ်ဆရာ။ မေးခွန်းတွေဖတ်ရ တာတော့ လွယ်ပါတယ်။ ဖြေရတာသာ ခက်နေ တာပါ"



| ၈၇ |

## စကားပြောဖော်

အလွန်ကပ်စေးနဲသူတစ်ဦးကို ဇနီးဖြစ်သူမှ ပြောလိုက်သည်။

"ငွေက စကားပြောတယ်ဆိုတာ တကယ်ပဲ လားဟင် ကိုကို"

"သိပ်ဟုတ်တာပေါ့ မိန်းမရယ်"

"ဒါဆို ကိုကိုအပြင်သွားတဲ့အခါ ကျွန်မ တစ်ယောက်တည်းနေရတာ ပျင်းလွန်းလို့ စကားပြောဖော်အဖြစ် ငွေနည်းနည်းလောက် ပေးထားခဲ့စမ်းပါ"

| ၈၈ |

## အာဂျင်တီးနား

စာသင်ကျောင်းတစ်ခု၌ ပထဝီဆရာသည် ကျောင်းသားတစ်ယောက်ကို မေးလိုက်သည်။

"အာဂျင်တီးနား နိုင်ငံဘယ်နားမှာရှိလဲ ကွ"

"ဟုတ်ကဲ့။ ပထဝီစာအုပ်ရဲ့ စာမျက်နှာ ၄၃ မှာ ရှိပါတယ်ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



| ၈၉ |

## ဒါကြောင့်ကိုး

မျက်စိဆရာဝန်တစ်ဦးသည် လူနာကို ပါဝါမျက်မှန်တစ်လက်ပြီး တစ်လက်ပြောင်းလဲ တတ်ဆင်၍ စမ်းသပ်နေရာမှ စိတ်ညစ်သံဖြင့် ပြောလိုက်သည်။

"ကိုင်း . . ရှိသမျှဒီဂရီတွေလည်း ကုန်ပြီ။ အခုထိ ဟိုကစာတွေတစ်လုံးမှ ဖတ်မပြ သေးဘူး"

"ကျွန်တော်က စာမတတ်ဘူးဆရာရဲ့"





| ၉၀ |

## တကယ့်ရှေ့နေ

**တရားခံရှေ့နေ** - "ဟိုဥစ္စာခင်ဗျားရဲ့ ကား မဟုတ်လား"

**တရားလို** - "ရှေ့နေကြီးမေးခွန်းတွေကိုဖြေရင်း ဖြေရင်းနဲ့ ကျွန်တော့်မှာ ကားတစ်စီးပိုင်တယ် လို့တောင် သိပ်မထင်မိတော့ပါဘူး"

| ၉၁ |

## ရှာရတာမလွယ်ဘူး

လူတစ်ယောက်သည် သူ၏ချစ်သူအတွက် မွေးနေ့လက်ဆောင်အဖြစ် စိန်လက်စွပ်တစ် ကွင်းပေးလိုက်ရာ. . .

"ဟယ် လှလိုက်တာ ကိုကိုရယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ အပတ်တုန်းက မွေးနေ့လက်ဆောင် အဖြစ်နဲ့ ရေခဲသေတ္တာဝယ်ပေးမယ်လို့ ပြောခဲ့ ပြီးတော့"

"ကိုယ်သိပါတယ်ကွာ။ ဒါပေမယ့် ရေခဲ သေတ္တာအတုက ဘယ်ဆိုင်မှာမှ မရှိဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



| ၉၂ |

## သူ့ဇာတာ

ဗေဒင်ဆရာသည် သူ့ရှေ့ရှိ သူ၏ဇာတာကို စေ့စပ်သေချာစွာ တွက်ချက်ကြည့်ပြီးနောက် ပြောလိုက်သည်။

"ဇာတာရှင်ဟာ လောလာဆယ် အညံ့ပိုင်းထဲမှာပဲရှိသေးတယ်။ ဒါပေမယ့် မွေးလကျော်ရင်တော့ လက်ခမောင်းခပ်ဖို့သာပြင်ပေတော့"

"ဒါဆို ကျွန်တော်ငွေ အစုလိုက်အပုံလိုက် ရကိန်းရှိလို့ပေါ့နော်"

"ဟင့်အင်း . . . လက်ဝှေ့ကြိုးဝိုင်းထဲ ရောက်ဖို့ပဲရှိတယ်"





| ၉၃ |

## ကိစ္စမရှိပါဘူး

"ကိုရေ မီးဖိုချောင်ထဲမှာ သူခိုးရောက်နေလို့သွားဖမ်းပေးစမ်းပါ"

"ဟာကွာ . . သူမှာ လက်နက်ပါရင် ပြန်ခုခံမှာပေါ့ကွ"

"အဲဒါဘာဖြစ်လဲ ကိုကိုက အသက်အာမခံလုပ်ပြီးသားပဲဟာ"

| ၉၄ |

## အခကြ ပံ့ပိုးမှု

သတင်းထောက်တစ်ဦးက သူဌေးကတော်ကို အင်တာဗျူးလိုက်သည်။

"ခင်ဗျားယောက်ျားကို သန်းကြွယ်သူဌေးဖြစ်အောင်ဘယ်လို အကူအညီများပံ့ပိုးပေးခဲ့ရတယ်ဆိုတာ ရှင်းပြပါလားခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မနဲ့ ညားခါစတုန်းက သူဟာ ကုဋေကြွယ် သူဌေးကြီးပေါ့။ ကျွန်မနဲ့ အိမ်ထောင်ပြုပြီး တစ်နှစ်အကြာမှာ သန်းကြွယ်သူဌေးဖြစ်လာတာပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



| ၉၅ |

## သတိထားပြီး စောင့်ကြည့်

"ဆရာရယ် ကျွန်မသားလေးသဲတွေနဲ့ ဆော့ရင်း မျိုချမိလို့ ရေတော့တိုက်ထားတယ်။ အဲဒါ ဘာဆက်လုပ်ရမလဲဟင်"

"ဘိလပ်မြေနဲ့ ထုံးနဲ့ထပ်ပြီးမျိုးမချမိစေနဲ့"

| ၉၆ |

## ထင်တဲ့အတိုင်းပဲ

ရွှေနေ - "နေစမ်းပါဦး။ မင်းကသေသေချာချာ မြင်ရတယ်ဆိုတော့ သေတဲ့လူနဲ့ဘယ်လောက် အကွာ အဝေး မှာ ရှိနေလို့လဲ"

သက်သေ - "ရှစ်ပေခြောက်လက်မတိတိ အကွာ မှာ ရှိနေလို့ပါ"

ရွှေနေ - "အမယ် တယ်တိကျလှချည်လားကွ။ ဘာဖြစ်လို့ ဒီလောက်တိတိကျကျ ပြောနိုင်ရ တာလဲ"

သက်သေ - "အခင်းဖြစ်ရပ်ကို ပြန်ပြောပြရင် ကပ်သီး ကပ်ဖဲ့လုပ်မယ့် သူတစ်ယောက်က ဟိုမေးဒီမေးလုပ်ချင် လုပ်လိမ့်မယ်ထင်လို့ ပေတံနဲ့ကို တိုင်းထားတာပါ"



| ၉၇

## သူ့ထက်ကဲ

"မနေ့ကပေးလိုက်တဲ့ သချင်္ချာပုစ္ဆာတွေကို မင်းအဖေတွက်ပေးလိုက်တာဆို။ အားလုံးမှား နေပါလားကွ"

"မှားတာမှန်တာတော့ ကျွန်တော်မသိ ဘူးဆရာ။ ဘိုးဘိုးရှင်းပြတဲ့အတိုင်း ဖေဖေလည်း တွက်ပေးလိုက်တာပဲ။"

| ၉၈ |

## ဘယ်သူ့မှန်မလဲ

"ကျွန်မရဲ့ ဗိုက်ထဲကအလုံးအကြောင်းကို ဒေါက်တာက တစ်မျိုးပြောတယ်။ မနက်ပိုင်းက လာကြည့်တဲ့ ဆရာဝန်က တစ်မျိုးပြောတယ်။ ဘယ်ဟာကို ယုံရမလဲ"

"သူပြောတာမှန်မလား၊ ကျွန်တော်ပြောတာ မှန်မလားဆိုတာ ရင်ခွဲရုံရောက်တော့ အဖြေ ပေါ်ပါလိမ့်မယ်။ မပူပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



| ၉၉ |

## အသက်ရှည်ဆေး

ဆေးဆရာ - "ဟောဒီအသက်ရှည်ဆေးရဲ့ အာနိသင်ကို မယုံဘူးဆိုရင် ကျွန်တော့်ကို ကြည့်ကြပါ။ အခုကျွန်တော့် အသက် ၃၀၀ ကျော်ပါပြီ"

ပရိသတ် - "ဟုတ်ပါ့မလား၊ သူပြောတာ အမှန်ပဲလား"

လက်ထောက် - "ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ကျွန်တော်က ဒီဆေးစားပြီး သူနဲ့လိုက်ကြေငြာတာ အနှစ် ၂၀၀ လောက်ပဲရှိသေးတာဗျ"

| ၁၀၀ |

## အတွေးအခေါ်

"သစ်ကုလားအုပ်တွေရဲ့ လည်ပင်းဟာ ဘာလို့ရှည်ရတာလဲမေမေ"

"ဒါလေးများ၊ ခေါင်းနဲ့ ကိုယ်နဲ့သိပ်ဝေးနေလို့ပေါ့သားရယ်"



| ၁၀၁ |

## အချစ်ကုသိုလ်ကံ

"ကျွန်တော်ဟာ မိန်းမနဲ့ပတ်သက်လာရင် ကုသိုလ် ကံဆိုးပါတယ်ဗျာ။ ပထမမိန်းမတုန်းက အိမ်ပေါ်က ဆင်းသွားတယ်"

"နောက်မိန်းမကျတော့ ဘယ်လိုဖြစ်သလဲ"

"သူ့ကျတော့ လုံးလုံးကို နှင်ချလို့မရဘူးဖြစ်နေတယ်ဗျ"

| ၁၀၂ |

## ဒါဖတ်ပြီးမှပြော

"ခင်ဗျားရဲ့ ကူညီမှုအတွက် ဘယ်လောက်ကျေးဇူးတင်တယ်ဆိုတာ ပြောပြဖို့ စကားလုံးတောင် ရှာမတွေ့သလောက်ပါပဲဗျာ"

"ရော့ . . . ဒါဆို ဒီစာအုပ်ဖတ်ကြည့်ပြီးမှပြော"

"အဲဒါ ဘာစာအုပ်လဲဗျာ"

"အဘိဓာန်စာအုပ်လေ"

www.burmeseclassic.com

www.burmeseclassic.com



[ ၁၀၃ ]

## ခနရှင်ဆိုတာ

အလုပ်သမား - "မနက်ဖြန်ကျွန်တော်တို့ လင်မယားရဲ့ အိမ်ထောင်သက်တမ်း ၂၅ နှစ်ပြည့်တာကြောင့် ငွေရတုသဘင်ကျင်းပချင်လို့ ခွင့်တစ်ရက်လောက်ပေးပါ"

သူဌေးမင်း - "ဘာကွ။ ၂၅ နှစ်တစ်ကြိမ် ဒီလိုပဲ မင်းကို ခွင့်ပေးနေရမှာလား"

[ ၁၀၄ ]

## ကတိအတိုင်း

"ဒီကုမ္ပဏီမှာ ကျွန်တော်ကားဝယ်တုန်းက ကားနဲ့ ပတ်သက်ပြီး လိုအပ်တာဘာမဆိုရှိရင် တစ်လအတွင်းလာခဲ့ပါ။ အလကားလုပ်ပေးမယ်လို့ ပြောခဲ့တာမှတ်မိ တယ်မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ။ အခုဘာများဆောင်ရွက်ပေးရမှာလဲ"

"ကားဂိုဒေါင်တစ်လုံးဆောက်ပေးဖို့ပါ"



[ ၁၀၅ ]

## မသိလို့ပါ

"ဘာဖြစ်လို့ သူခိုးကိုသွားကျိုးအောင် ရိုက်ပြီး ဖမ်းရတာလဲ။ ခင်ဗျားမှာအပြစ်ရနိုင်တာ မသိဘူးလား"

"မသိပါဘူးရှင်။ ကျွန်မယောက်ျားဟာ အဲဒီညက ညဉ့်နက်တဲ့အထိ ပြန်မလာလို့စောင့်ရတာ ဒေါသဖြစ်နေတုန်း သူကတိတ်တိတ်ကလေး ဝင်လာတော့ ယောက်ျားအမှတ်နဲ့ လုပ်ခဲ့မိတာပါ။ သူခိုးမှန်းသိရင် ဒီလောက်တောင်လုပ်မိမှာ မဟုတ်ပါဘူးတရားသူကြီးမင်း"

[ ၁၀၆ ]

## ရှာမနေပါနဲ့ မေမေရယ်

"သားရေ . . ပန်းကန်ရှစ်ချပ်ရှိတာ နှစ်ချပ်လိုနေတယ်။ ဝိုင်းရှာပေးစမ်းပါဦး"

"သားတို့ဆရာမသင်ပေးတဲ့အတိုင်းဆို အတိပဲ မေမေရဲ့။ အခုရှိနေတာက ခြောက်ချပ်၊ ရှာမတွေ့တာက နှစ်ချပ်၊ စုစုပေါင်း ရှစ်ချပ် ဆိုတော့ ရှာဖို့မလိုတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com





[ ၁၀၇ ]

## အိမ်ထောင်တာဝန်

"ဦးလေးသမီးနဲ့ ကျွန်တော့်တူနဲ့ လက်ထပ်ဖို့ကိစ္စအတွက် လာပြီးစေ့စပ်တာပါ"

"အော် ဟုတ်လား။ မောင်ရင့်တူက အိမ်ထောင်ကို လုပ်ကိုင်ကျွေးနိုင်ပါ့မလား"

"ဟုတ်ကဲ့ စိတ်ချပါ။ လက်ရှိ သူ့အလုပ်ကဝင်ငွေ ကောင်းပါတယ်"

"ဦးလေးတို့အိမ်ထောင်က မိသားစုရှစ်ယောက် ရှိတယ်ကွယ့်"



[ ၁၀၈ ]

## တစ်ကောင်ကြွက်မဟုတ်ဘူး

"မင်းထောင်ထဲရောက်နေတာ ၃ နှစ်လောက်ရှိပြီ။ ဘယ်သူမှ ထောင်ဝင်စာလည်းလာမတွေ့ကြဘူး။ မင်းမှာ ဆွေမျိုးမိဘတွေ မရှိတော့ဘူးလားကွ"

"သိပ်ရှိတာပေါ့။ ဒါပေမယ့် တကူးတကလာတွေ့ဖို့မလိုဘူးလေ။ သူတို့အားလုံးဒီထောင်ထဲမှာပဲဟာ"

[ ၁၀၉ ]

## စိတ်ပျိုကိုယ်နု

"စိတ်ပျိုကိုယ်နုဖြစ်အောင် ဘာလုပ်ရရင်ကောင်း မလဲကျောင်းဒကာရဲ့"

"သစ်ပင်ပန်းပင်စိုက်ပေးရင် စိတ်လဲချမ်းသာ လေကောင်းလေသန့်လည်း ရှုရလို့ စိတ်ပျိုကိုယ်နုဖြစ်တာပေါ့ ကပ္ပိယကြီးရယ်"

"ဒီလိုဆို မာလီကုလားတွေကျတော့ ဘာလို့စိတ်ပျို ကိုယ်နုမဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၁၀ |

## အထည်ဖိုးကြောင့်

"ဒီနေ့တော့ အကုသိုလ်ဝင်တာပဲ မိန်းမရေ။ ကားမောင်းပြန်လာရင်းနဲ့ လမ်းမှာ မီးပွိုင့်ကို ဝင်တိုက်ခဲ့မိလို့ ဒဏ်ငွေဖြစ်ဖြစ် ထောင်တစ်လဖြစ်ဖြစ် အပြစ်ပေးခံရလိမ့်မယ်ကွ"

"ဒီလိုဆို ဒဏ်ငွေ ဆောင်မနေနဲ့တော့ မောင်။ ဒီလအတွက် ကျွန်မယူထားတဲ့ အထည်ကြွေးတွေဆပ်ရမှာ များနေလို့"

| ၁၁၁ |

## အကြောင်းရင်းက ဒီလို

"မင်းနှယ်ကွာ။ အောက်က စောင့်ရတဲ့လူကိုမှ အားမနာဘူး။ အမြန်လာခိုးလှည့်ပါလို့ ချိန်းထားပြီး အထုပ်ကိုသာပြတင်းပေါက်က ချပေးလိုက်တယ်။ လူကဖြင့် တော်တော်နဲ့ ထွက်မလာဘူး"

"ခိုးရာလိုက်ခါနီးမှ မေမေက အများကြီး မှာနေလို့ ကြာသွားတာပါမောင်ရဲ့"



| ၁၀၂ |

## မထင်တတ်သေးပါ

ယာဉ်ထိန်းရဲ - "ဒါခင်ဗျားရဲ့ ကိုယ်ပိုင်ကားလား"

ယာဉ်မောင်း - "အင်း၊ ဘယ်လိုဖြေရမလဲ မသိတော့ဘူး။ ဒီကားဝယ်တော့ ငွေတစ်ဝက်ပဲ ချေရသေးတယ်။ နောက် ဘီးနှစ်ခုက အကြွေးဝယ်ထားတာဗျ။ ထိုင်ခုံကူရှင်တွေ အသစ်လဲထားတာလည်း မပေးရသေးဘူး။ ရှေ့မှန်ဖိုးကိုတော့ နောက်လမှ ပေးဖို့ချိန်းထားတယ်။ ဒီတော့ ဒီကားကို ကျွန်တော့်ကိုယ်ပိုင်လို့ မထင်သေးပါဘူးဗျာ"

| ၁၀၃ |

## အကောင်းဆုံးအဖြေ

"မင်းမိန်းမခိုးပြေးသွားတဲ့ကောင်ကို လိုက်မသတ်ဘူးလားကွ"

"ငါလိုက်သတ်ရင် ရာဇဝတ်မှုဖြစ်မှာပေါ့။ ငါ့မိန်းမနဲ့ ကြာကြာနေမိလို့ သူ့ကိုယ်သူ သတ်သေတော့ ပိုကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



| ၁၁၄ |

## မနက်ဖြန်ဆိုရင်

"ခင်ဗျားတို့ စတိုးဆိုင်ကို ညက အဖောက်ခံရတာ ဘာတွေပါသွားလဲဗျ"

"ဘာတွေပါသွားမှန်း မသိဘူး။ အခုမှ စာရင်းလုပ်မလို့။ မနက်ဖြန်မှ ခိုးရင်အကောင်းသား"

| ၁၁၅ |

## ခိုးရိမ်လို့ပါ ကိုကို

"အမယ်လေး မောလိုက်တာ မိန်းမရယ်။ ကားစက်နှိုးမရလို့ တစ်ယောက်ထဲဆင်းတွန်းရတာ မသက်သာပါလား။ ကားကလည်း လှုပ်ရုံလေးပဲရွေ့တယ်"

"ညီမလည်း ကိုကို့ဆီကို မော်တော်ကားပြန်လိမ့်သွားမှာစိုးလို့ ဘရိတ်နင်းထားရတာ၊ ရင်တထိတ်ထိတ်နဲ့ ပင်ပန်းလိုက်တာကိုကိုရယ်"



| ၁၁၆ |

## သိပ်ချစ်လွန်းလို့

"ညည်းယောကျ်ားက ညည်းကိုတော်တော်ချစ်ရဲ့ လား"

"တော်တော်ကို ချစ်တာအေ့။ ဘယ်လောက်ချစ်သလဲဆိုရင် ကိုယ်နဲ့ခွဲရမှာ ကြောက်လို့ အလုပ်တောင် မဆင်းနိုင်အောင်ဖြစ်တာ အခုထိသူ့မှာ အလုပ်မရှိဘူးလေ"

| ၁၁၇ |

## ဓာတ်သိမ်းမကောင်းလို့

"ရှင်တို့ဆိုင်က ဝယ်သွားတဲ့ ပစ္စည်းကို မကြိုက်ရင် ပြန်လဲနိုင်တယ်ဆို"

"ဟုတ်ပါတယ်။ ကျွန်တော်တို့ဆိုင်က ဝယ်သူကို အမြဲအလေးထားပါတယ်။ အခုဘာများဆောင်ရွက်ပေးရမလဲ"

"မနေ့က ဝယ်သွားတဲ့ ဝတ္ထုစာအုပ်ထဲက ဓာတ်လမ်းသိမ်းတာ မကြိုက်ဘူးရှင့်။ အဲဒါ နောက်တစ်အုပ်နဲ့ လဲချင်လို့"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



| ၁၁၈ |

## အားမနာနဲ့နော်

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော်ခင်ဗျားယောက်ျားနဲ့ တွေ့ချင်လို့ပါ"

"ဒီမနက်ပဲ သူခရီးထွက်သွားတာ ၁၀ ရက်လောက် ကြာမှ ပြန်ရောက်လိမ့်မယ်"

"ကိစ္စမရှိပါဘူး။ ဘယ်လောက်ကြာကြာစောင့်ပါမယ်။ ဒီအိမ်မှာ ခင်ဗျားနဲ့ နှစ်ယောက်တည်းနေရမှာဆိုပေမယ့် ကျွန်တော့်ကို အားမနာပါနဲ့၊ နေတတ်သလိုသာနေပါ"

| ၁၁၉ |

## ဖောင်တိန်ကြောင့်ပါ

"မင်းကိုအိမ်မှာ ရေးခိုင်းလိုက်တဲ့ စာစီစာကုံးဟာ မင်းလက်ရေးနဲ့ မတူပါလားကွ။ ဘယ်သူ ရေးပေးတာလဲ"

"ဘယ်သူမှ ရေးမပေးပါဘူးဆရာ။ ကျွန်တော်ဖေဖေ့ ဖောင်တိန်နဲ့ ယူရေးမိလို့ ဖေဖေ့လက်ရေးနဲ့တူသွားတာပါ"



| ၁၂၀ |

## မအောင့်ခဲဖို့

ဆရာဝန်- "မနေ့ကဆေးထိုးပေးလိုက်တာ ရောဂါ အခြေအနေဘယ်လိုနေသေးလဲ"

လူနာ - "သက်သာတယ်ဆရာ။ အသက်ရှူရင် နည်းနည်း အောင့်တာတော့ ကျန်သေးတယ်"

ဆရာဝန်- "ကိစ္စမရှိပါဘူး။ အသက်မရှူအောင် အခုလုပ်ပေးလိုက်မယ်။ ဒါမှ မအောင့်မှာ"



www.burmeseclassic.com



[ ၁၂၁ ]

## ကျေးဇူးပါပဲ

"ကြည့်စမ်းပါဦး။ ခင်ဗျားတို့ဆိုင်က ညစ်ပတ်လိုက်တာဗျာ။ ထမင်းပန်းကန်ထဲမှာ တွယ်ချိတ်ကြီး။ ကံကောင်းလို့မစားမိတယ်"

"ကျေးဇူးတင်လိုက်တာရှင်။ ကျွန်မဘော်လီအကျီက တွယ်ချိတ်ပျောက်နေလို့ ရှာလိုက်ရတာ တစ်မနက်လုံးပဲ။ အခုမှပြန်တွေ့တော့တယ်"

[ ၁၂၂ ]

## ဒါမှ်ကြောက်တာပါ

"ဟဲလို့ . . ဟဲလို့ . . . ကျွန်မအခန်း ထဲကို အန္တရာယ်ပေးမယ့် သတ္တဝါရောက်နေလို့ အမြန်လာကူညီပါရှင်"

"ဟုတ်ကဲ့ . . ကောင်းပြီ၊ ရန်သူကဘယ်လိုပုံစံလဲ ဘယ်နှစ်ယောက်လဲ။ ဘာလက်နက်ပါသလဲဆိုတာ တစ်ဆိတ်လောက်ပြောပြပါလား"

"အို . . . လူဆိုရင် ကျွန်မ မကြောက်ပါဘူး။ အခုဟာက ကြွက်ပေါက်စလေးရှင့်"



[ ၁၂၃ ]

## ဒါကဒီလိုရှိတယ်

"မင်းနှယ်ကွာ . . ကြံကြံဖန်ဖန်ဘာပြုလို့ခွေးကို ငှက်လှောင်အိမ်နဲ့ ထားရတာလဲ"

"လှောင်အိမ်ထဲက ငှက်ကို ကြောင်ကိုက်စားသွားလို့လေ"

"ကြောင်က ဘယ်မှာလဲ"

"ကြောင်ကို ဒီခွေးက ကိုက်စားလိုက်တယ်။ ဒါကြောင့် ငှက်ဟာ ဒီခွေးရဲ့ဗိုက်ထဲမှာ ရှိမှာပဲဆိုပြီး ငှက်လှောင်အိမ်ထဲ ထည့်ထားတာပေါ့"

[ ၁၂၄ ]

## ခေါ်ရင်ပေးရမယ်

"ကျောင်းစည်းကမ်း မလိုက်နာတဲ့အတွက်မင်း အဖေကိုခေါ်ပြီးတိုင်ရလိမ့်မယ်"

"ကျွန်တော့်အဖေကိုခေါ်ရင် ဆရာနစ်နာပါလိမ့်မယ်"

"ဘာဖြစ်လို့ နစ်နာရမှာလဲကွ"

"ဖေဖေက ဆရာဝန်ဆိုတော့ တစ်ခါခေါ်ရင် ခြောက်ခွဲ သုံးရာပေးရမှာမို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၂၅ |

## လျှောက်လဲချက်

စကော့တလန်ပြည်နယ်တွင် အရက်မူးလွန်နေသူတစ်ဦးအား ဖမ်းဆီး၍ရုံးတင်ရာ ထိုသူမှ အောက်ပါအတိုင်း ချေပလိုက်သည်။

“ဘာသာရေးစာအုပ်ကို ဖတ်လိုက်တဲ့အခါ အရက်ဟာ ရန်သူလို့ဆိုထားပါတယ်။ ဆက်ပြီး လေ့လာဖတ်ရှုလိုက်တော့ ရန်သူကို ချစ်ရမယ်လို့ ဆိုပါတယ်။ အဲဒီအတိုင်းလိုက်နာဆောင်ရွက်မိလို့ ရန်သူက အထက်စီးရ သွားတာပါခင်ဗျာ”

| ၁၂၆ |

## အကြောင်းရင်းက

“မေမေ သားတို့ဖတ်စာတွေထဲမှာ ၎ ဋ ဍ ပ ဏတွေကို သုံးတာလည်းမတွေ့ရဘူး။ ဘာဖြစ်လို့ထည့်ထားတာလဲဟင်”

“ကကြီး ခကွေးရေတွက်တဲ့အခါ ဗျည်း ၃၃ လုံး ပြည့်အောင် ထင်ပါရဲ့ကွယ်”

| ၁၂၇ |

## သူ့အပိုင်းနဲ့ ကိုယ့်အပိုင်း

အတော်ပင် ရေချိန်ကိုက်နေသည့် အမူးသမားတစ်ယောက်သည် အရက်ပုလင်းကိုင်ဆွဲရင်း ဒရီးဒယိုင်လျှောက်လာရာ ဒေါပွနေသည့် ဇနီးသည်နှင့်တွေ့လိုက်ရသည်။

“ကဲ. . ကိုယ်တော်ချော. . ရှင့်ခေါင်းမကွဲချင်ရင် ပုလင်းထဲက အရက်တွေသွန်ပစ်လိုက်စမ်းပါ”

“မဖြစ်ဘူးမိန်းမရဲ့. . . .၊ ဒီအရက်က သူငယ်ချင်းနဲ့ စပ်တူဝယ်ထားတာကွ”

“ဒါဆို တစ်ဝက်သွန်ပြီး ကျန်တာသူ့ကို ပေးလိုက်”

“အဲဒါခက်နေတာပေါ့၊ ကိုယ်နဲ့ ဆိုင်တာက ပုလင်းရဲ့ အောက်ပိုင်းက အရက်ဖြစ်နေတယ် မိန်းမရယ်”

www.burmeseclassic.com

www.burmeseclassic.com



[ ၁၂၈ ]

## နားလေးပျောက်ဆေး

"တစ်နေ့တခြားပိုပြီး ကျွန်တော်နားလေးလာတယ်ဆရာ။ အခုဆိုရင် ကိုယ့်ချောင်းဆိုးသံတောင် ပြန်မကြားရသလောက်ပဲ"

"ရော့ . . . ဒါဖြင့် ဒီဆေးသောက်"

"နားထဲ ထည့်ဆေးမပေးတော့ဘူးလား ဆရာ။ ဒီဆေးသောက်ရုံနဲ့ နားလေးပျောက်ပါ့မလား"

"အဲဒါ ချောင်းကျယ်ကျယ်ဆိုးတဲ့ဆေးကွ"

[ ၁၂၉ ]

## ရှိခဲ့ရင် တစ်မျိုးဖြစ်မယ်

တရားသူကြီး - "ဟိုအရင်တုန်းက နင့်ယောကျ်ားကို သူခိုးဖြစ်မှန်းမသိဘူးလား"

မိန်းမ- "သိပါတယ်ရှင့်"

တရားသူကြီး - "သိရဲ့သားနဲ့ ဘာလို့ သူခိုးကို ယူရတာလဲ။

မိန်းမ - ကျွန်မကို ယူမယ့်တရားသူကြီး မရှိလို့ပါ"



[ ၁၃၀ ]

## ပိမြင်လွန်းလို့

မျက်နှာသစ်ရုပ်ရှင် သရုပ်ဆောင်တစ်ဦးကို ဒါရိုက်တာက မေးမြန်းလိုက်သည်။

"မင်း ငါလိုချင်တဲ့အမူအရာ မှန်သမျှ သရုပ်ပါအောင် လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်ခင်ဗျာ။ တစ်ခါက ပြဇာတ်တစ်ခုမှာ သေတဲ့အခန်းကို သရုပ်ဆောင်ပြခဲ့တာ ပွဲကြည့်ပရိသတ်ထဲက လူကြီးလူကောင်းတစ်ယောက် သတိတောင်လစ်သွားတယ်ဗျ"

"တယ်ဟုတ်ပါလား။ သတိလစ်သွားတာ ဘယ်သူလဲ"

"ကျွန်တော့်ရဲ့ အသက်အာမခံကိုယ်စားလှယ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၃၁ |

## ခွယ်စုံခရီးသည်ကြီး

"ခင်ဗျားတို့ အရပ်ဒေသက ပူလိုက်တာဗျာ။ ငရဲ ပြည်ကျနေတာပဲ"

"အော် . . . ခင်ဗျားက နေရာတကာ ရောက်ဖူးတာပဲကိုး"



| ၁၃၂ |

## ကြော်ငြာတန်ခိုး

"ကြော်ငြာတာဟာ ထူးခြားမှုရှိရဲ့လားဗျ"

"သိပ်ထူးခြားတာပေါ့။ ဂိုဒေါင်စောင့် တစ်ယောက် အမြန်အလိုရှိသည်လို့ ကြော်ငြာလိုက်တာ၊ အဲဒီညမှာပဲ ဂိုဒေါင်အဖောက်ခံလိုက်ရတယ်လေ"

| ၁၃၃ |

## သူ့အစွမ်း

"ငါ့ဦးလေးဟာ သူကိုယ်တိုင် ကားမောင်းသွားရင်း တိုက်မိလို့ဆေးခန်းရောက်သွားတာ၊ ကုပေးတဲ့ဆရာက သိပ်တော်တာပဲကွာ"

"ဘယ်လိုတော်တာလဲကွ။ ပြောစမ်းပါဦး"

"ခြေထောက်ကျိုးသွားတာကို တစ်လကျော်ရင် လမ်းလျှောက်နိုင်မယ်ပြောပြီး ကုပေးခဲ့တာ။ တစ်လကျော်လို့ ဆရာဝန်ဆီက ကုသခငွေစာရင်းလည်းရောက်လာရော . . . ငါ့ဦးလေးလည်း ကားရောင်းပြီးပေးလိုက်ရလို့ အခုလမ်းလျှောက်နေရပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

| ၁၃၄ |

## နောက်ထပ်တစ်ကြိမ်

"တော်ပြီကွာ. . . ဒီဒရိုင်ဘာကို အလုပ်ထုတ်ပစ်မှ အေးမှာပဲ"

"ဘာဖြစ်လို့လဲမောင်ရယ်"

"ဒီကောင် ကားမောင်းတာ သိပ်ကြမ်းတာပဲ။ ကံကောင်းလို့ မသေတာငါးခါရှိပြီ"

"နောက်ထပ် တစ်ကြိမ်တော့ ခွင့်ပြုလိုက်ပါဦး မောင်ရယ်"

| ၁၃၅ |

## လက်တွေ့အမှန်တရား

ဆရာဝန်-"ဘာမှစိတ်မပူနဲ့ ဘကြီး၊ ကျွန်တော်စမ်းသပ်ကြည့်တာ အားလုံးကောင်းတယ်။ ဘကြီးအသက်ရှစ်ဆယ်အထိ နေရမှာသေချာပါတယ်"

လူနာ-"ဟုတ်ရဲ့လားဆရာ၊ အခုပဲ ဘကြီးအသက်ရှစ်ဆယ်ထဲရောက်နေပြီ"

ဆရာဝန်-"ကဲ. . . ကျွန်တော်ပြောတာ လက်တွေ့မှန်နေပြီ"



| ၁၃၆ |

## ထောက်ခံပါတယ်

ထောင်မှူး- "မင်းတို့တစ်တွေသိပ်ဆူတာပဲ။ ဒီတစ်ခါ ဆူတဲ့ကောင်ကို အပြင်ထုတ်ပစ်မယ်"

ထောင်သားတွေ-"ဟေး. . . ဒါမှတို့ထောင်မှူး တို့ ထောင်မှူးကွ"

| ၁၃၇ |

## နောက်ဘဝယုံသူ

အရာရှိ - "မင်းဟာနောက်ဘဝရှိတာကို ယုံတယ်နဲ့ တူတယ်"

စာရေး - "ဟုတ်ကဲ့ ယုံပါတယ်။ ဘာဖြစ်လို့လဲ ဆရာ"

အရာရှိ - "မင်းဦးလေးဆုံးလို့ဆိုပြီး တစ်ပတ်လုံးလုံး မင်းခွင့်ယူသွားတာ။ မနေ့က မင်းဦးလေးကို လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့ရတယ်။ နောက်ဘဝရှိတယ်ဆိုတာ ဟုတ်လောက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



| ၁၃၈ |

## အချက်ပေးသကော်တာ

ပုဂ္ဂလိက စက်ရုံတစ်ခုတွင် ဝန်ထမ်းတစ်ချို့သည် ပိုင်ရှင်မရှိခိုက် စုဝေးဝိုင်းဖွဲ့ ဖဲရိုက်လေ့ရှိကြောင်း သတင်းရသဖြင့် ပိုင်ရှင်သူဌေးသည် တိတ်တဆိတ် လာချောင်းလေသည်။ စက်ရုံတံခါးပိတ်ပြီး ဖဲရိုက်နေကြသော ဝန်ထမ်းတို့အား ထိတ်လန့်စေရန်ရည်ရွယ်လျက် ခလုတ်တစ်ခုနှိပ်လိုက်ရာ မီးလန့်အချက်ပေးဥသြသံထွက်လာသည်။ သို့သော် ဖဲရိုက်နေသည့်ဝန်ထမ်းတို့က လုံးဝဂရုမစိုက်ကြဘဲ ခေတ္တမျှကြာသော် စက်ရုံရှေ့ရှိ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးလူငယ်မှာ လက်ဖက်ရည်ခွက်၊ မုန့်နှင့်ဆေးလိပ်တို့ ကိုင်ဆောင်လျက် စက်ရုံတံခါးဖွင့်ဝင်သွားသည်ကိုသာ တွေ့မြင်လိုက်ရတော့၏။



| ၁၃၉ |

## ချစ်စရာသမက်

“ကျွန်တော်နှင့် ဦးလေးသမီးတို့ မေတ္တာမျှနေကြတာမို့ လက်ထပ်ခွင့်ပြုပါ”

“အေး တစ်ခုမေးပါရစေ၊ မင်းအရက်သောက်တတ်သလားကွ”

“ဒီအချိန်မှာ ကျွန်တော်မသောက်သေးပါဘူး။ တိုက်ချင်ရင် ညနေမှတိုက်ပါဦးလေး”

| ၁၄၀ |

## ကူညီမှု

“ကြုံကြိုက်တဲ့အခါ ဒုက္ခရောက်သူကို ကူညီရမယ်ဆိုလို့ ကားမှတ်တိုင်မှာ ပိုက်ဆံအိတ်ပျောက်သွားတဲ့ အဖွားအိုတစ်ယောက်ကို ကျွန်တော်ကူညီခဲ့တယ်မေမေ”

“သားက လမ်းစရိတ်ဘယ်လောက်ကူညီခဲ့လို့လဲကွ”

“ဟင့်အင်း . . သူသွားချင်တဲ့ နေရာကို အမြန်ဆုံးရောက်အောင်ဖြတ်လမ်းက ညွှန်ပြပေးလိုက်တယ်မေမေ”

www.burmeseclassic.com

www.burmeseclassic.com

| ၁၄၁ |

## မော်ဒန်ပန်းချီကား ထင်မိလို့

မော်ဒန်ပန်းချီပြပွဲခန်းမထဲ၌ လူတစ်ယောက်သည် ပန်းချီကားတစ်ချပ်ကို စိတ်ဝင်စားစွာ ရပ်ကြည့်နေသည်။ လေးထောင့် ဘောင်ခတ်ထားသည့် အဖြူရောင်အတွင်း၌ ဝါကျင့်ကျင့်စက်ဝိုင်းငယ်တစ်ခုကို စူးစိုက်သေချာစွာ ကြည့်ရှုရင်း ဦးနှောက်ခြောက်လာသဖြင့် မော်ဒန်ပန်းချီဆရာထံ သွားမေးကြည့်လိုက်သည်။

"ဒီပန်းချီကားရဲ့ ဆိုလိုချက်ကဘာလဲဗျ"

"အဲဒါ ပန်းချီကား မဟုတ်ဘူး၊ ဟောဒီပြပွဲခန်းမရဲ့ မီးခလုတ်ဗျ"



| ၁၄၂ |

## တကယ်အော်ပြောတာက သူ

လူတစ်ယောက်သည် စာအုပ်ဖတ်နေရင်းမှ ဇနီး ဖြစ်သူကို ပြောလိုက်၏။

"မိန်းမရေ အသိပညာနည်းသူတွေဟာ စကား အော်ကြီးဟစ်ကျယ်ပြောတတ်တယ်လို့ ဒီစာအုပ်ထဲမှာ ရေးထားတယ်ကွ"

"ကြားပါတယ်တော်၊ တိုးတိုး ပြောစမ်းပါ"

| ၁၄၃ |

## အကုန်သိချင်သူမို့ပါ

စာပေဝါသနာရှင် တစ်ယောက်ကို စာအုပ်ရောင်း သူမှ စာအုပ်အသစ်တစ်အုပ်အကြောင်း ညွှန်းဆိုပြနေ၏။

"ဟောဒီစာအုပ်ကို ဖတ်ကြည့်ဖြစ်အောင် ဖတ်စမ်းပါ။ တစ်အုပ်တည်းနဲ့ ကမ္ဘာကြီးအကြောင်းတစ်ဝက်လောက် သိသွားလိမ့်မယ်"

"ကိုင်း. . . ဒါဖြင့် နှစ်အုပ်ပေးကွာ။ ငါက အကုန်လုံး သိချင်တာကွ"

www.burmeseclassic.com



| ၁၄၄ |

## တစ်ယောက်တည်း မထားခဲ့နဲ့

"ထမင်းမကျက်သေးဘူးလားကွ။ ဆာလှပြီ။ မကျက်သေးရင် ကိုယ်တော့ဆိုင်မှာ သွားစား လိုက်တော့မယ်"

"နေပါဦးတော်၊ ဆယ်မိနစ်လောက် စောင့်စမ်းပါဦး"

"ဆယ်မိနစ်အတွင်း ချက်လို့ပြုတ်လို့ ပြီးမှာလား"

"ဟင့်အင်း . . . ကျွန်မပါ ဆိုင်ကိုလိုက်ပြီးစားမလို့"

| ၁၄၅ |

## ဒါလဲဟုတ်သားပဲ

"ဟေ့စားပွဲထိုး လာပါဦးကွ။ မင်းတို့ ကြက်သားဟင်းက မာလိုက်တာ။ ဝါးလို့ကိုမရဘူး။ ဆိုင်ရှင်ခေါ်ပေးစမ်းကွာ"

စားပွဲထိုးသည် ဟင်းခွက်ကို ကြည့်ပြီးစဉ်းစားကာ ဤသို့ တောင်းပန်လိုက်သည်။

"ဆရာတောင်မှ ဝါးလို့မရတာ ဆိုင်ရှင်လည်း ဘယ်ဝါးနိုင်မှာလဲဗျာ။ စဉ်းစားပါဦး"



| ၁၄၆ |

## ရောဂါဓာတ်မြစ်

အလွန်သတိမေ့တတ်သူ တစ်ဦး၏ အသုဘသို့ မိတ်ဆွေတစ်ဦးရောက်လာပြီး ဝမ်းနည်းစကားဆိုလေ၏။

"ဒီမနက်မှ သူကွယ်လွန်ကြောင်းသိရလို့ လာခဲ့တာပါ။ ကြားရတာ စိတ်မကောင်းလိုက်တာဗျာ။ ခင်ဗျား ယောကျ်ား ဘာရောဂါဖြစ်ပြီး အခုလို ရုတ်တရက်ဆုံးရတာလဲဗျ"

"အင်း ကျွန်မထင်တာတော့ သူက သတိအရမ်းမေ့တာကြောင့် အသက်ရှူဖို့ သတိမေ့သွားတာနေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com






| ၁၄၇ |

### ဘာမှမပူနဲ့

လေထီးခုန်မည့်သူများကို သင်တန်းဆရာမှ သင်ကြားပို့ချနေစဉ် တပည့်တစ်ယောက်မှ ထမေးလေသည်။

"တကယ်လို့ လေယာဉ်ပေါ်က ခုန်ချပြီးမှ လေထီးမပွင့်ရင် ဘယ်လိုလုပ်ရမလဲဆရာ"

"လေထီးမပွင့်လည်း လူကတော့ ဒီအတိုင်း ဆက်ပြီး ဆင်းလာမှာပဲလေ"



| ၁၄၈ |

### ဘာမြန်သလဲ မမေးနဲ့

လူနာ - "ဆရာမ အပူတိုင်းတာ မြန်လိုက်တာဗျာ။ ပါးစပ်တောင်ပြန်မစေ့ရသေးဘူး"

သူနာပြု - "လူနာတွေက အများကြီးဆိုတော့ အချိန်သိပ်မပေးနိုင်ဘူး။ ဒါကြောင့် ငါးစက္ကန့် ပဲတိုင်းပြီး ဆယ့်နှစ်နဲ့ မြှောက်လိုက်တာ"

| ၁၄၉ |

### နားငြီးလို့

အလွန်စကားနည်းသူ သုံးဦးတို့သည် ဇရပ်တစ်လုံးတွင် နေထိုင်ကြလေ၏။ တစ်နေ့သောအခါ သူတို့ထဲမှ တစ်ဦးက ခေါင်းမူးလိုက်တာဟု ပြောလိုက်သည်။ ထိုသူ ပြောပြီး တစ်နှစ်ခန့်ကြာသောအခါ နောက်လူတစ် ယောက်မှ ခေါင်းမူးတာသွေးအားနည်းလို့ ဖြစ်လိမ့်မယ်ဟု ပြောလေသည်။ နောက်ထပ် နှစ်နှစ်ခန့်ကြာသောအခါ တတိယလူမှ ခင်ဗျားတို့အခုလို လေကန်နေကြမယ်ဆိုရင် ကျုပ်လည်း တစ်ခြားနေရာရွှေ့မှ ဖြစ်လိမ့်မယ်ဟု ပြောလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



| ၁၅၀ |

## ချေ့တာရေး

ခရီးသည်-"ဒီမှာမောင်ရင် . . ဒီကနေပြီးဈေးကို ဘယ် လောက်ပေးရမလဲကွယ့်"

ဆိုက်ကားသမား - "နှစ်ဆယ်ကျပါတယ်အဒေါ်"

ခရီးသည် - "ဟောဒီလက်ဆွဲခြင်းအတွက်ကော"

ဆိုက်ကားသမား - "ဒါတော့ ပေးစရာမလိုပါ ဘူးခင်ဗျာ"

ခရီးသည် - "ဒီလိုဆို အဒေါ့်ခြင်းကို တင်သွားပါကွယ်။ အဒေါ်က ခြေလျင်ပဲလိုက်ခဲ့တော့မယ်"



| ၁၅၁ |

## နောက်ထပ်တစ်မိုင်

ဆရာဝန်ညွှန်ကြားချက်အရ တစ်နေ့နှစ်မိုင် ခန့်လမ်း လျှောက်ရမည်ဆိုသဖြင့် ပင်စင်စား အဖိုးအိုသည် ဇနီးသည်ကို အဖော်ပြုကာ လမ်း လျှောက်ထွက်ခဲ့သည်။ ခရီးတစ်ဝက်ရောက် သော် အဖိုးအိုမှ သူ့ဇနီးကိုကြင်နာဟန်ဖြင့် ကြည့်ကာမေးလိုက်သည်။

"မိန်းမရေ. . နောက်ထပ်တစ်မိုင် လျှောက် နိုင်ပါဦးမလား"

"ဘာလို့ မလျှောက်နိုင်ရမှာလဲ။ သိပ်ရတာ ပေါ့"

"ဒါဆိုရင် အိမ်ပြန်ပြီး အငယ်ကောင်ကို စက်ဘီးနဲ့ လာခေါ်ဖို့သွားပြောပေးစမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com





[ ၁၅၂ ]

## ဘာဖြစ်ကောင်းလဲ မမေးနဲ့

တစ်ရွာနှင့်တစ်ရွာ မိုင်နှစ်ဆယ်ခန့်ဝေးသော ခရီးတစ်ခု၏တစ်ဝက်ခန့်၌ ခရီးသွားနှစ်ယောက်အနက် တစ်ယောက်မှာ ခြေချော်ပြီး ကမ်းပါးယံတွင် တန်းလန်းဖြစ်နေသည်။ ကျန်မိတ်ဆွေသည် ထိုသူကို ကယ်ဆယ်ရန် လာလမ်းအတိုင်း အမြန်ပြန်ပြေးပြီး ကြိုးတစ်ချောင်းသွားရှာလေ၏။ နေ့တစ်ဝက်ကိုကျိုးသော် ကြိုးရှာထွက်သူပြန်လာပြီး . . .

"တစ်ရွာလုံးနှံ့နှံ့စင်အောင် ရှာပေမယ့် ကြိုးမရခဲ့ဘူးကွာ"

"ဒါဆို ရှေ့ကရွာမှာ သွားရှာကြည့်ပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com



| ၁၅၃ |

## သူ့ဆင်ခြေ

နပန်းလုံးပြီး ရန်ဖြစ်ထားကြသော ဖနီးမောင်နှံတို့ ပြန်လည်သင့်မြတ်ချိန်ရောက်သော အခါ ဖနီးမှတောင်း ပန်လိုက်သည်။

"ဒေါသဖြစ်လွန်းလို့ မောင့်မျက်နှာကို ကုတ်ဆွဲမိတာသွေးတွေစို့ကုန်ပြီ။ မနက်ဖြန် ရုံးသွားရင် ဒဏ်ရာတွေနဲ့ ဖြစ်ပါ့မလား"

"လွယ်ပါတယ်ကွာ၊ ကြောင်ကုတ်ခံရတာလို့ပြောပြီး ရုံးသွားရင်း ကြောင်တစ်ကောင်ပွေ့သွားလိုက်မှာပေါ့"

| ၁၅၄ |

## ကိုင်း–မှတ်ကရော

"ကျွန်မဝတ်နေတဲ့ စိန်နားကပ်အရောင် မှိန်ရင် ပိုးစနဲ့ပွတ်ပေးတယ်။ ပတ္တမြားလက်စွပ် အရောင်မှိန်ရင် ဝိုင်အရက်နဲ့ သုတ်ပေးတယ်။ နီလာရင်ထိုးအရောင်မှိန်ရင် နွားနို့နဲ့ စိမ်ပေးတယ်။ ရှင့်လက်ဝတ်လက်စားတွေ အရောင်မှိန်ရင် ဘယ်လိုလုပ်ပေးသလဲဟင်"

"ကျွန်မဟာတွေ အရောင်မှိန်ရင် လွှင့်ပစ်လိုက်တာပဲ"

| ၁၅၅ |

## အကြောင်းရင်းက ဒီလိုပါ

သူတောင်းစားတစ်ယောက်သည် သူဌေးတစ်ဦးရှေ့မှောက်၌ ရှိသေစွာရပ်ရင်း ပြောလိုက်သည်။

"မနေ့က သူဌေးမင်းစွန့်ကြဲလိုက်တဲ့ အင်္ကျီအဟောင်းအိပ်ကပ်ထဲက ငါးရာတန်သုံးရွက်တွေ့ရပါတယ်"

"အဲဒါဘာဖြစ်သလဲ။ မင်းက ရိုးသားတဲ့အနေနဲ့ ပိုက်ဆံလာပြန်ပေးတာလား"

"ဟင့်အင်း။ နောက်ထပ် အဲသလို အင်္ကျီမျိုးတစ်ထည်လောက်စွန့်ကြဲဦးမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၅၆ |

## သူ့သဘောထား

လူတစ်ယောက်သည် ပုဂ္ဂလိကလုပ်ငန်းတစ်ခု၌ လခစားအလုပ်အတွက် ပိုင်ရှင်နှင့်ပြောဆိုနေလေ၏။

"လောလောဆယ် မောင်ရင့်ကိုတစ်လသုံးထောင်ပဲ ပေးနိုင်မယ်။ နောက်သုံးလလောက်နေတော့ တစ်ထောင်ထပ်တိုးပေးမယ် ဘယ့်နှဲ့လဲ"

"ဒါဆိုရင် နောက်သုံးလကြာမှပဲ လာလုပ်တော့မယ်ဗျာ"

| ၁၅၇ |

## တွယ်ရာမဲ့

သမီး - "အမယ်လေးကယ်ပါဦးဖေဖေရဲ့ သမီးယောကျ်ားက စိတ်ဆိုးပြီးပါးရိုက်လိုက်တယ်ဖေဖေရဲ့"

ဖခင် - "ဟေ ဟုတ်လား။ ဒါဖြင့် ငါကလည်းထပ်ပြီးပါးရိုက်တယ်ဟာ။ သွားနင့်လင်ကိုပြန်ပြော။ ရှင့်မိန်းမကိုပါးရိုက်လွှတ်တယ်။ ကယ်ပါဦးလို့"



| ၁၅၈ |

## ဒါကြောင့်မို့ပါ(၁)

လူတစ်ယောက်သည် လမ်းဘေးထမင်းဆိုင်တွင် ဝင်စားရာ ခွေးတစ်ကောင်မှ သူ့ကိုကြည့်၍ ဟောင်နေသဖြင့် . . .

"ဟေ့စားပွဲထိုး။ မင်းတို့ခွေးက ငါ့ကိုကြည့်ပြီးတစ်ချိန်လုံးဟောင်နေပါလားကွ"

"ဟောင်မှာပေါ့။ ဆရာစားနေတာ သူ့ခွက်ကိုး"

---



www.burmeseclassic.com



[ ၁၅၉ ]

## အသက်ရှည်နည်း

သတင်းထောက်တစ်ဦးသည် ဘိုးသက်ရှည်တစ်ဦးထံမှ အသက်ရှည်နည်းကို တောင်းခံနေလေ၏။

"ဘိုးဘိုး . . အသက်ရှည်အောင်နေနိုင်တဲ့နည်းလမ်းလေး "မစ" စမ်းပါ။ ကျွန်တော်သတင်းရေးပြီး ပို့လိုက်ချင်လို့"

"ဒါလေးများ အသက်ထွက်ခါနီးနောက်ဆုံးအချိန်ထိ မှန်မှန်အသက်ရှူပေးရမယ်ကွယ်။ မှတ်ထား"

[ ၁၆၀ ]

## သူ့စိတ်ကူး

"ကျွန်တော်ဘယ်မြို့မှာသေမယ်လို့ ဟောနိုင်မလားဆရာ။

"ဘာဖြစ်လို့ ဒီလောက်သိချင်ရတာလဲ"

"အဲဒီမြို့နဲ့ ဝေးဝေးနေတော့ ကျွန်တော်မသေတော့ဘူးပေါ့"





[ ၁၆၁ ]

## အလှူခံ

အလှူခံတစ်ဦးသည် အိမ်တစ်အိမ်ရှေ့လာရောက် အလှူခံရာ ကလေးငယ်တစ်ယောက်ထွက်လာ၏။

"လူကြီးတွေမရှိဘူးခင်ဗျာ့"

"ငါအလှူခံတာ ပိုက်ဆံပါကွာ။ လူကိုအလှူခံတာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

| ၁၆၂ |

## ဒါကြောင့်မို့ပါ

လင်မယားနှစ်ယောက် ဗေဒင်ကြည့်ပြီးသောအခါ လင်ဖြစ်သူမှ ဉာဏ်ပူဇော်ခအတွက် မေးမြန်းလိုက်သည်။

"ခင်ဗျားမိန်းမအတွက် တစ်ရာ။ ခင်ဗျားအတွက်က နှစ်ရာ"

"ကျွန်တော့်အတွက်ကတော့ ဘာလို့ပိုယူရတာလဲဆရာ"

"မြင်သလောက် မဟောဘဲ အောင့်ထားရလို့"



| ၁၆၃ |

## တကယ်ထင်မိလို့

ရဲအရာရှိ - "ဒီအရူးက ငှက်လိုပျံပြမယ် ပြောပြီးလေး ထပ်တိုက်ပေါ်က ခုန်ချတာကို ဘာဖြစ်လို့ ခင်ဗျားဆွဲ မထားရတာလဲ"

သက်သေ - "သူတကယ်ပျံပြနိုင်တယ်ထင်လို့ပါ"



[ ၁၆၄ ]

## ကြိုတင်သတိပေးချက်

မင်္ဂလာဆောင်သည့်နေ့တွင် သတို့သားသည် သတို့သမီးကို သူ့အိမ်သို့ခေါ်လာခဲ့ရာ အိမ်ရောက်ပြီး မကြာမီ အိမ်အောက်မှ ခွေးတစ်ကောင်သည်အကြောင်း မဲ့အူလေ၏။

"ဟော့ကောင် . . မအူနဲ့ကွာ . . . မင်းတစ်ကြိမ်ရှိသွားပြီ"

မကြာမီခွေးကအူပြန်လေ၏။

"ဟော့ နှစ်ကြိမ်ရှိပြီနော်"

သို့သော် ခွေးက ဆက်အူပြန်ရာ "ကဲသုံးကြိမ်ရှိပြီ အူဦးကွာ" ဟု ဆိုကာ ယောက်ျားဖြစ်သူမှ ဆင်းရိုက်လေသည်။ ဤတွင်ဇနီးဖြစ်စမိန်းကလေးမှ လင်တော်မောင် ကိုသတိပေးလိုက်၏။

"အို . . ရှင်ကလဲ ခွေးအူတာလေးနဲ့ ဆင်းရိုက်ရသလား"

ဤတွင်လင်တော်မောင်မှ ပြန်ပြောလိုက်လေသည်။

"မင်းတစ်ကြိမ်ရှိသွားပြီ"



[ ၁၆၅ ]

## ထောက်ခံပါတယ်

အရက်သမားတစ်ယောက်မူးလဲနေသဖြင့် လူအချို့မှ ဝိုင်းကူပေးရာ ပြန်၍သာလဲကျနေသည်။ ဤတွင် အသက်ကြီးကြီး လူတစ်ယောက် အနားသို့ ရောက်လာပြီး

"မူးလဲနေတာဆိုရင် ဝီစကီတစ်ပက်လောက် တိုက်လိုက်။ ပြန်ထလာလိမ့်မယ်"

အရက်သမားသည် လဲကျနေရာမှ ခေါင်းထောင်လာပြီး . . .

"ဟုတ်တယ်။ မှန်တယ်။ အဲဒီဦးလေးပြောသလို လုပ်ပေးကြပါ" ပြောပြီးသောအခါ ပြန်၍ လဲကျသွားတော့သည်။

www.burmeseclassic.com

| ၁၆၆ |

## တာဝန်ကျေသူ

ရန်ဖြစ်ထားသော လင်မယားနှစ်ယောက်သည် စကားမပြောဘဲနေကြရာ လင် ဖြစ်သူမှာ မနက်စောစော ခရီးထွက်ရန် ကိစ္စရှိသောကြောင့် နံရံတွင်စာရေးထားလေ၏။

(ခင်-မနက်ငါးနာရီလောက် မောင့်ကိုနှိုးပါ)

နံနက်လင်းသောအခါ လားမနှိုးသဖြင့် အချိန်လွန်သွားသောကြောင့် ဒေါပွပြီး အိပ်ရာမှထလိုက်ရာ နံရံတွင်စာရေးထားသည်ကို တွေ့ရလေ၏။

(မောင်-ထတော့လေ။ ငါးနာရီထိုးပြီ)။



| ၁၆၇ |

## စကားတည်သူ

လူငယ်တစ်ယောက်သည် မိန်းမပျိုကို အသက်မေးလိုက်သည်။

"အသက် ဘယ်လောက်ရှိပြီလဲ ဇူစန်"

"ကျွန်မအသက် ၁၈ နှစ်ရှိပါပြီ"

"ဟုတ်ရဲ့လားဟာ။ လွန်ခဲ့တဲ့နှစ်လောက်ကလဲ ၁၈ နှစ်ပဲလို့ပြောတာ ကြားမိပါတယ်"

"အိုး . . ကျွန်မက ခုတစ်မျိုး တော်ကြာတစ်မျိုးပြောတတ်တဲ့ မိန်းမစား မဟုတ်ဘူး။ တစ်ခွန်းဆိုတစ်ခွန်းပဲ ပြောတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

| ၁၆၈ |

## အရင်လူတွေလို

ချစ်သူနှစ်ဦးချိန်းတွေ့နေစဉ် မိန်းမပျို၏ မောင်ငယ်ဖြစ်သူ တွေ့သွားသဖြင့် ယောက်ျားပျိုမှ စိုးရိမ်ပိုစွာမေးလိုက်သည်။

"တို့ချိန်းတွေ့တာ မင်းမောင်လေး မြင်သွားပြီ။ အိမ်ကိုပြန်မပြောအောင် ဘယ်လိုစည်းရုံးရမလဲမသိဘူး"

"သိပ်လဲ စိုးရိမ်မနေပါနဲ့ ကိုကိုရယ်။ အရင်လူတွေတုန်းကလို မုန့်ဖိုးငါးကျပ်လောက်ပေးလိုက်ပေါ့"



| ၁၆၉ |

## နှုတ်ဆက်ပြလိုက်စမ်း

ဧည့်ခန်းထဲတွင် ဧည့်သည်မိန်းမတစ်ဦးနှင့် စကားထိုင်ပြောနေသော မိခင်ဖြစ်သူထံသား ဖြစ်သူမှ ဝမ်းသာအားရပြောလိုက်သည်။

"ဒီနေ့ အောင်စာရင်းထဲမှာ ဘောဂဗေဒ ဘာသာနဲ့ ကျွန်တော်ဂုဏ်ထူးရတယ်မေမေ"

"ဟယ် . . ဟုတ်လား။ ဒါဆိုသားရဲ့ အန်တီကို နေကောင်းရဲ့လားလို့ ဘောဂဗေဒဘာသာနဲ့ နှုတ်ဆက် စကားပြောလိုက်စမ်းပါဦး"



www.burmeseclassic.com



[ ၁၇၀ ]

## အမေ့ကောင်း

အလှူမှပြန်လာသော ဖနီးမောင်နှံတို့ လမ်းလျှောက်ရင်း စကားပြောလာကြသည်။

"ကဲ . . ငါ့ကိုသတိမေ့တတ်တယ်ပြောပြီး အခုပြန်လာတော့ ငါကသာထီးကိုပြန်ယူလာတာ။ နင့်ထီးကို မေ့ထားခဲ့ပြီမဟုတ်လား"

"ဟောတော့ . . . အသွားတုန်းက နှစ်ယောက်စလုံး ထီးမပါကြဘူးလေ"

[ ၁၇၁ ]

## ဒေါ်ဘ် – မိန်းမ

လင်ဖြစ်သူမှာ သုံးရက်တိတိ မေ့လျော့နေရာမှ သတိပြန်ရလေ၏။

"ဟောတော့ . . . ဆရာဝန်ကပြောတော့ ရှင့်ကို သေပြီတဲ့"

"မသေလို့ အခုလိုတွေ့ရတာပေါ့ မိန်းမရယ်"

"ဟင့်အင်း . . . ဟင့်အင်း။ ဆရာဝန်ကို လူလိမ် လူညာဖြစ်အောင် ရှင်မလုပ်ပါနဲ့"



[ ၁၇၂ ]

## အားကိုးရာ

လူငယ်တစ်ယောက်သည် မိန်းမပျိုအိမ်သို့ အလည်ရောက်လေ၏။ အိမ်တွင် လူရှင်းနေသဖြင့် လူငယ်မှ ရိသဲ့သဲ့သွေးတိုးစမ်းလိုက်သည်။

"မောင်လေးကို အော်ခေါ်လိုက်မှာပေါ့"

"သူကဘယ်မှာမို့လို့လဲ"

"ဟို ပုခက်ထဲမှာ နို့ဗူးစို့နေတယ်လေ"

[ ၁၇၃ ]

## မသိတာခေတ်တယ်

မော်ဒန်ပန်းချီဆရာတစ်ယောက်သည် သူ့မိတ်ဆွေ တစ်ဦးကို စိတ်ညစ်သံဖြင့် ပြောဆိုနေ၏။

"ခက်တယ်ဗျာ။ ပြပွဲကော်မတီလူကြီးတွေက ကျုပ် ဆွဲတဲ့ ပန်းချီရုပ်ပုံကို နှာခေါင်းပြင်ဆွဲပေးဖို့ ပြောနေ ကြတယ်"

"ဒါလေးများ ဆွဲပေးလိုက်ပေါ့ဗျာ"

ဟင်း ဆွဲရတာ အပန်းမကြီးပါဘူး။ ဒါပေမယ့် ကျုပ်ရဲ့မော်ဒန်ပန်းချီကားမှာ နှာခေါင်းဘယ်နားရှိမှန်း ကျုပ်မသိဘူးဗျ

www.burmeseclassic.com

www.burmeseclassic.com


| ၁၃၄ |

## ပုံတူ

ပန်းချီပြခန်းတစ်ခု၌ လင်မယားနှစ်ယောက်တီးတိုး ပြောနေကြသည်။

"ငါ့အနေနဲ့ ပုံတူပန်းချီကားတွေ အများကြီးတွေ့ဖူးပါတယ်။ အခုကြည့်နေတဲ့ ပုံလောက် အကြည့်ရဆိုးတာ မတွေ့ဖူးသေးဘူး"

"ရှူး . . . တိုးတိုး။ ရှင်အခုကြည့်နေတာမှန်ကြီးတော့"

| ၁၃၅ |

## ဒီကိုလာတာပဲ

အရက်မူးလာသူတစ်ဦးသည် စားသောက်ဆိုင်တွင်းမှ ထွက်လာပြီးနောက် ဆိုက်ကားတစ်စီးပေါ် တက် ထိုင်လိုက်သည်။

"ဘယ်ကိုပို့ပေးရမလဲဆရာ"

အရက်သမားသည် သူထွက်လာသော ဆိုင်ကို လှမ်းကြည့်ပြီး . . . .

"ဟာ ရောက်ပြီ . . . ရောက်ပြီ ဒီကိုလာတာပဲကွ။ ရော့ ပိုက်ဆံ"

ဆိုက်ကားခပေးပြီး ထိုဆိုင်ထဲပြန်ဝင်သွားသည်။

| ၁၃၆ |

## ရုပ်ပြောင်းရုပ်လွှဲ

ခေတ်ဆန်ဆန်နေတတ်သော အသက် ၅၀ အရွယ် လင်မယားနှစ်ယောက်စကားပြောနေကြသည်။

"မင်းတို့မိန်းမတွေဟာ ဆံပင်ညှပ်လိုက်ရင် ရုပ် ပြောင်းသွားတာပဲကိုး"

"ဘာဖြစ်လို့လဲဟင်"

"ခါးလယ်ထိရှည်တဲ့ဆံပင်တွေကို ညှပ်ပြီး မင်းအခု ဒိုင်ယာနာပုံညှပ်လိုက်တော့ အမယ်အိုကြီးနဲ့ မတူတော့ဘူး။ ကြည့်ရင်းကြည့်ရင်း အဘိုးကြီးအိုနဲ့တူလာတယ်"

www.burmeseclassic.com

www.burmeseclassic.com





## ဓမ္မပုံထူးပါဘိ

"သတိမေ့တတ်သော ဇီဝဗေဒဘာသာ သင်ကြားရသည့် ဆရာတစ်ယောက်သည် ဖားပြုပ်တစ်ကောင်ကို စက္ကူနှင့်ထုပ်၍ ကုတ်အင်္ကျီအိတ်ထဲထည့်ထားသည်။ အခြားအိတ်တစ်ဖက်၌ နေ့လယ်စာအဖြစ် အဆာပြေစားသောက်ရန် ပူတင်းပေါင်မုန့်တစ်လုံးကို စက္ကူနှင့်ထုပ်၍ ထည့်ထားသည်။

နေ့လယ်စာ စားချိန်ကျော်လွန်ပြီးနောက် စာသင်ချိန်တွင် ကျောင်းသားများကို လက်တွေ့ခွဲစိတ်ပြရန် ဖားပြုပ်ကို ကုတ်အင်္ကျီအိတ်ထဲမှ ထုတ်လိုက်သောအခါ ပူတင်းပေါင်မုန့်ကိုသာ တွေ့ရသဖြင့်-

"တပည့်တို့ရေ ဆောရီးကွ ဆရာအထုပ်ချင်း မှားပြီးစားလိုက်မိပြီ"

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇၈ ]

## ကျုပ်ဟာ မဟုတ်ဘူးမျို့

အသက် ၆၀ ကျော်လူကြီးနှစ်ယောက် လမ်းတွင်တွေ့ဆုံခိုက်တစ်ဦးက ပြောလိုက်သည်။

"မနေ့က ခင်ဗျားအိမ်ရှေ့ဖြတ်လျှောက်သွားတော့ အကျီစုတ်ကို ခင်ဗျားကိုယ်တိုင် ချုပ်နေတာမြင်ရပါလားဗျ"

"ဒီလူနှယ် မျက်စိတယ်မှုန်တာကိုး။ အဲဒါ အကျီစုတ် မဟုတ်ဘူး။ ကျုပ်မိန်းမရဲ့ ဘော်လီ အကျီကြိုးပြုတ်သွားလို့ ပြန်တပ်ပြီးချုပ်နေတာ"



[ ၁၇၉ ]

## သူ့အဖြေ

စာသင်ခန်းတစ်ခုတွင် ဆရာဖြစ်သူမှ တပည့်တစ်ဦးကို မေးမြန်းလိုက်သည်။

"ဟေ့ . . မောင်ထွေး၊ ကမ္ဘာကြီးလုံး ကြောင်း သက်သေပြစမ်းကွာ"

"ဟုတ်ကဲ့ဆရာ။ ကမ္ဘာကြီးလုံးကြောင်း သက်သေပြရရင် တစ်-ကျွန်တော့်အဖေက လည်း ပြောဖူးပါတယ်။ နှစ်- အခုဆရာက လည်းပြောပါတယ်။ သုံး-ကျွန်တော်ကလည်း လုံးတယ်လို့ ထင်မိပါတယ်ဆရာ"

www.burmeseclassic.com

www.burmeseclassic.com






## ရှာဖွေရေး

"ကုမ္ပဏီပိုင်ရှင် သူဌေးတစ်ဦးသည် သူ၏ အရက်ချက်စက်ရုံအတွင်းမှ မကြာခဏပစ္စည်း ပျောက်ဆုံးကြောင်းသိရသဖြင့် နောက်နောင် ပစ္စည်းပျောက်လျှင် အလုပ်သမားအားလုံးကို ဂိတ်ပေါက်ဝမှ စေ့စေ့စပ်စပ်ရှာဖွေရန် ကြီးကြပ် ရေးမှူးအား အမိန့်ပေးထားလေသည်။

နှစ်ရက်ခန့်ကြာသောအခါ ဂိတ်ပေါက်ဝ တွင် အလုပ်သမားများကို ကြီးကြပ်ရေးမှူးမှ "ကိုင်း . . အားလုံးအင်္ကျီချွတ်ပြီး ခါးတောင်း ကျိုက်ထားကြ"

အဆိုပါဖြစ်ရပ်ကို ကုမ္ပဏီသူဌေးမှ မြင် တွေ့သဖြင့် ကြီးကြပ်ရေးမှူးအား "ဟေ့ ဘာ ပျောက်လို့လဲကွ"

"စည်ပိုင်းတစ်လုံး ပျောက်နေလို့ပါဘော့စ်"

www.burmeseclassic.com

www.burmeseclassic.com



| ၁၈၁ |

## သနားစမွယ်ပါပဲ

ပိုက်ဆံတောင်းသူ - "ကျွန်တော့်မိန်းမနဲ့ ကလေးတွေ နောက်ကိုလိုက်သွားဖို့ စရိတ်မရှိလို့ ငွေ တစ်ဆယ်လောက် ပေးပါခင်ဗျာ"

**အမျိုးသမီး** - "အို. . . ဟုတ်လား။ ရော့ငွေ တစ်ဆယ်။ ဒါထက် ရှင့်မိန်းမနဲ့ ကလေးတွေက ဘယ်ကိုသွားတယ်ဆိုတာသိရဲ့လား"

**ပိုက်ဆံတောင်းသူ** - "ဟုတ်ကဲ့၊ သိပါတယ်။ ဗီဒီယိုသွားကြည့်ကြတာပါ"

| ၁၈၂ |

## ကူညီပါဆရာရယ်

လူနာရှင်မိန်းမ - "ကျွန်မယောကျ်ားဟာ သူ့ကိုယ်သူ အဝတ်လျှော်စက်ဖြစ်သွားပြီလို့ဆိုပြီး ပါးစပ်က တဂျုံးဂျုံးအော်ရင်း တွေ့သမျှဟာတွေ အားလုံးလျှော်နေတယ် ဆရာ"

ဆရာဝန် - "အဲဒါ ဘယ်လိုလုပ်ပေးစေချင်လို့လဲဗျ"

လူနာရှင်မိန်းမ - "တဆိတ်လောက်သူ့ကို ပြောပေးစမ်းပါ။ ကော်ဇောလျှော်တာ မပြောင်သေးဘူးလို့"



| ၁၈၃ |

## မဖြစ်နိုင်လို့ပါ

ဆရာဝန် - "ခင်ဗျားအခု ရောဂါက အညောင်းမိလို့ဖြစ်တာပါ။ ဒီတော့ တစ်နေ့ကို နှစ်မိုင်လောက် လမ်းလျှောက်ပေးရမယ်"

လူနာ - "ဘယ်ဆေးပေးပေး သောက်ပါ့မယ် ဆရာရယ်။ တစ်နေ့နှစ်မိုင်တော့ လမ်းလျှောက်လို့ မဖြစ်နိုင်ပါဘူး"

ဆရာဝန် - "ဘာလို့မဖြစ်နိုင်ရတာလဲ"

လူနာ - "ကျွန်တော်က မီးပြတိုက်စောင့်သူမို့ပါ"

| ၁၈၄ |

## သူ့ကိုပြောပြလိုက်

ရှေ့နေ - "ဒီလင်မယားရန်ဖြစ်တုန်းက ပြောတဲ့စကား တွေကြားမိလား"

သက်သေ - "ဟုတ်ကဲ့၊ ကြားပါတယ်။ ဒါပေမယ့် ညစ်တီး ညစ်ပတ်စကားတွေဆိုတော့ လူကြီးလူကောင်းတွေရှေ့မှာ ပြောဖို့မသင့်တော်ပါဘူး ခင်ဗျာ"

ရှေ့နေ - "ဒါဆို တရားသူကြီးနားကပ်ပြီး တိုးတိုး ပြောပြလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၈၅ |

## ငွေပြန်အမ်းလိုက်

ချမ်းသာကြွယ်ဝသော လူတစ်ယောက်သည် မသေမီ အလွန်ကပ်စေးနဲ့သော်လည်း ကွယ်လွန်သောအခါ နတ်ပြည်ဝင်ခွင့်ပြုရန် သိကြားမင်းထံသို့ ခွင့်ပန်လေသည်။ "မောင်ရင်ကို နတ်ပြည်ဝင်ခွင့်ပြုနိုင်ဖို့ လူပြည်တုန်းက ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေ ပြောပြစမ်း"

"တစ်ခါက သူတောင်းစားတစ်ယောက်ကို ဆယ်ပြား ထည့်ဖူးပါတယ်။ ရပ်ကွက်သံဃာ့ဒါန အလှူခံမှာ ငါးမူးလှူခဲ့ပါတယ်။ အော် မေ့လို့ ဘုရားဖူးထွက်တော့ စံပယ်ပန်း ဆယ့်ငါးပြားဖိုး လှူခဲ့ပါတယ်"

"အင်း အားလုံးလှူခဲ့တာသုံးမတ်ပဲ၊ ဟေ့ မာတလိ၊ ဒီကောင်ကို ပိုက်ဆံသုံးမတ်ပြန်အမ်းပြီး ငရဲပို့လိုက်ပါကွာ"

| ၁၈၆ |

## ကိစ္စမရှိပါဘူး

အမေရိကန်နိုင်ငံရှိ အမျိုးသားပြတိုက်အတွင်းသို့ လူတစ်ယောက်လှည့်လည်ကြည့်ရှုပြီး တစ်ခုသော ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။ ထိုအခါ ပြတိုက်စောင့်မှ ကမန်းကတန်းပြေးလာပြီး-

"ဒီကုလားထိုင်မှာ ထိုင်ခွင့်မရှိဘူး၊ ဒါဟာ အေဗရာဟင် လင်ကွန်းရဲ့ ကုလားထိုင်ပါ"

"ကိစ္စမရှိပါဘူးကွာ သူလာတော့ ငါဖယ်ပေးပါမယ်"

| ၁၈၇ |

## ကွတ်တိအဖြေမှန်

"သမိုင်းဘာသာရပ်ကို လေ့လာကြည့်မယ်ဆိုရင် ဘုရင်တစ်ပါးကွယ်လွန်သွားတာနဲ့ ဘာတွေဖြစ်လာလေ့ရှိသလဲကွဲ့"

"ဟုတ်ကဲ့။ ဆက်ပြီးဖြစ်လေ့ရှိတာက ဘုရင်ကြီးရဲ့ ရှာပနအခမ်းအနားပါဆရာ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၈၈ |

## လျှောက်မပြောနဲ့နော်

"မူဝံကြယ်ဆိုတာ ဘယ်ဟာလဲဟင် ဘိုးဘိုး"

"ဟောဟို တောင်ဘက်က ကြယ်နီနီကြီးဟာ မူဝံကြယ်ပေါ့မြေးရဲ့"

"ဟင် ကျောင်းမှာဆရာကပြောတော့ မူဝံကြယ်ဟာ မြောက်အရပ်မှာရှိတယ်ဆို"

"ရှုးဘယ်သူ့မှ လျှောက်မပြောလေနဲ့။ မူဝံကြယ်တောင်ဘက်ကိုပြောင်းသွားတာ လေးငါးရက်လောက်ပဲ ရှိသေးတယ်ကွဲ့"

| ၁၈၉ |

## တူညီသဘောထား

"အခု ကျွန်တော်အရွယ်ရောက်လာပြီ ဖေဖေ။ လွတ်လပ်မှု၊ စွန့်စားမှု၊ မိန်းမလှလှ ရလိုမှုတွေဟာ ကျွန်တော်တို့ လူငယ်တွေရဲ့ လိုလားချက်ပါပဲ။ ဒါတွေကိုစိတ်ဝင်စားမိလို့ ဆူမယ်ပူမယ်ဆိုရင် အိမ်မှာမနေဘူးဗျာ။ ဆင်းသွားမယ်"

"ဖေဖေ့ကိုလည်း ခေါ်သွားပါသားရယ်။ ဖေဖေလည်း သားရဲ့သဘောထားအတိုင်းပါပဲ"



| ၁၉၀ |

## ငွေတော့ မကုန်ပါဘူး

"လူတွေက တော်တော်ခက်တာပဲ။ ပိုက်ဆံပေးရတဲ့ ဆေးခန်းကျတော့ လာမပြချင်ကြဘူး။ လမ်းမှာတွေ့ပြီဆိုရင် ရောဂါအကြောင်းဆွေးနွေးတော့တာပဲ"

"အဲဒီတော့ ဆရာကြီးက ဘယ်လိုဆောင်ရွက်ပေးလိုက်သလဲဗျ"

"အခမဲ့စမ်းသပ်ပေးမယ်။ အဝတ်အားလုံးချွတ်ပြပါလို့ ပြောလိုက်တာပေါ့"

| ၁၉၁ |

## ပုံဆွဲကောင်းသူ

"သားတို့ဆရာမတွေ ခွေးကိုတောင် မသိတော့ဘူးဖေဖေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"အတန်းထဲမှာ ပုံဆွဲခိုင်းလို့သားက ခွေးပုံဆွဲပြတော့ ဆရာမက ဘာကောင်ကြီးလဲလို့ မေးတယ်ဖေဖေရဲ့"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



| ၁၉၂ |

## ဘယ်နေ့လဲအချစ်ရေ

"ဦးဦးနဲ့ ဟိုဘက်အိမ်က အန်တီလေးနဲ့ ပန်းခြံထဲမှာ ဖက်နမ်းကြတယ်မေမေ"

"ကိစ္စမရှိပါဘူးသားရယ်။ သူတို့က မကြာခင်မင်္ဂလာဆောင်ကြတော့မှာ"

"ဒါဆိုရင် ဖေဖေနဲ့ အိမ်ဖော်မမလေးနဲ့ ဘယ်တော့မင်္ဂလာဆောင်မှာလဲမေမေ"

| ၁၉၃ |

## မေမေ့စကား

"ဒီနေ့ကျောင်းဆင်းချိန်မှာ ကျောင်းသားတစ်ယောက်က ကိုယ့်ကို အတင်းလိုက်ဖက်ပြီး မချစ်ဖူးဆိုရင် လွှတ်မပေးဘူးလို့ပြောတယ်ကွာ"

"ဟယ် . . အံ့ပါရဲ့။ မလွှတ်ရင်အော်လိုက်မယ်လို့ ပြန်ပြောလိုက်ပါလားအေ့"

"ဟင့်အင်း . . ကိုယ့်မေမေက မှာထားတယ်။ ဘယ်ယောက်ျားလေးနဲ့မှ စကားမပြောရဘူးတဲ့"

BURMESE CLASSIC .com

| ၁၉၄ |

## ညှော်ဝတ်ကျေသူ

လူတစ်ယောက်သည် ခြင်္သေ့ငယ်တစ်ကောင်ကို ကြိုးဖြင့် ချည်ဆွဲ၍ညနေခင်းလမ်းလျှောက်ထွက်လာရာ တာဝန်ကျသူ တစ်ဦးမှ မြင်တွေ့လိုက်ရသဖြင့်-

"ဟေ့လူ ခင်ဗျားခြင်္သေ့ကို တိရစ္ဆာန်ရုံသွားပို့လိုက်ချေ"

"ဟုတ်ကဲ့ အခုပဲ သွားပို့လိုက်ပါမယ်"

နောက်တစ်နေ့ညနေခင်းတွင် ထိုသူကို ခြင်္သေ့ငယ်နှင့် လမ်းလျှောက်ထွက်လာခြင်းအား တွေ့ရပြန်သဖြင့် တာဝန်ကျသူမှ မေးမြန်းလိုက်သည်။

"ခင်ဗျား သူ့ကိုဘာလို့ တိရစ္ဆာန်ရုံသွားမပို့သေးတာလဲဗျ"

"မနေ့က ပို့ပြီးပြီလေ။ ဒီနေ့တော့ ရုပ်ရှင်ရုံလိုက်ပို့မပို့ မနက်ဖြန်ကျရင် ဘုရားသွားပို့မယ်။ ဒါမှ အစုံရောက်ဖူးမှာ"

www.burmeseclassic.com

www.burmeseclassic.com



| ၁၉၅ |

## ကျုပ်အဖြစ်က ပိုပါတယ်

စက်ရုံတစ်ရုံရှိ လုပ်ငန်းခွင်ဆရာဝန်တစ်ဦးသည် ဆေးခန်းလာသူမှန်သမျှ အဝတ်အစားလုံး ချွတ်ခိုင်းလေ့ရှိ၏။ တစ်နေ့သ၌ဆေးခန်းရှေ့တွင် စောင့်ဆိုင်းတန်းစီနေကြသူများအနက် လူနာတစ်ဦးသည် မကျေမနပ်ပြောဆိုနေသည်။

"ဒီဆရာဝန်က စာအုပ်ကြီးအတိုင်း သိပ်လုပ်တာပဲ။ ဒီကသွားကိုက်လို့ လာပြတာလည်း အဝတ်အားလုံးချွတ်ပြီး တန်းစီစောင့်နေရတယ်"

ထိုစဉ် နောက်ဘက်ဆုံး၌ ကိုယ်လုံးတီးတန်းစီနေသူမှ "ခင်ဗျားက သွားကိုက်တဲ့ သူမို့ ဖြေသာပါသေးတယ်။ ကျုပ်က အစည်းအဝေးဖိတ်စာလာပို့တာဗျ"

BURMESE CLASSIC .com


[illegible]

| | | |
|---|---|---|
| ၄၃။ | မြို့သာရ | မင်္ဂလာရှိသော ကလေးများဆီသို့ |
| ၄၄။ | သော်တာဆွေ | သတ္တဝါတို့၏ သံသရာ |
| ၄၅။ | [illegible] | [illegible] |
| ၄၆။ | မောင်ထွန်းသူ | တစ်မြစ် |
| ၄၇။ | [illegible] | လူတိုင်းမှာ အလားအလာရှိတယ် |
| ၄၈။ | မြို့သာရ | [illegible] |
| ၄၉။ | မောင်ထွန်းသူ | [illegible] |
| ၅၀။ | ဘာသာပြန်စာရေးဆရာကြီးများ | [illegible] |
| ၅၁။ | [illegible] | [illegible] |
| ၅၂။ | [illegible] | [illegible] |
| ၅၃။ | [illegible] | [illegible] |
| | | [illegible] |
| ၅၄။ | [illegible] | [illegible] |
| ၅၅။ | [illegible] | [illegible] |
| ၅၆။ | [illegible] | [illegible] |
| ၅၇။ | [illegible] | [illegible] |

[illegible]

| | | |
|---|---|---|
| ၅၈။ | ရဲစကိုင်း | [illegible] |

[illegible]

| | |
|---|---|
| ရဲကောင်းထက် | [illegible] |
| [illegible] | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရုံပြုံးပါ

ရဲစကိုင်း



www.burmeseclassic.com